# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၈၀)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂၉ ရက်၊ တနင်္ဂနွေနေ့။


## ဝဇီဘေဒ ထိတိုင်းရှု

ဝဇီဘေဒဆိုသည်မှာ နှုတ်ဖြင့် ပြောဆိုသော စကားအစိတ်အပိုင်းများဖြစ်သည်။

ရှောင်ကြဉ်ရမည့် မကောင်းသဖြင့် ပြောဆိုခြင်းလေးမျိုး

* မဟုတ်မမှန် လိမ်ညာပြောဆိုခြင်း၊
* ကြမ်းတမ်းစွာ ပြောဆိုခြင်း၊
* ချောပစ်ကုန်းတိုက် ပြောဆိုခြင်း၊
* အကျိုးမရှိ စကားပြောဆိုခြင်း။

# သင်ကြားရေးအဆောက်အအုံများ နိုင်ငံတကာအဆင့်မီ အထပ်မြင့်များအဖြစ် ဆောက်လုပ်ရန်လို



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မန်းတောင်ရိပ်အထွေထွေရောဂါကု ဆေးကုသဆောင် (၁၀) ထပ်ဆောင်သစ်တွင် ကုသရေးဆိုင်ရာ ခေတ်မီစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**မန္တလေး မတ် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာရာ မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်သို့ နံနက် ၉ နာရီတွင် ရောက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်အတူ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ မန်းတောင်ရိပ်အထွေထွေရောဂါကုဆေးကုသဆောင် (၁၀) ထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးမှ ဒေါက်တာမောင်ဝင်းနှင့် အလှူရှင်များက ဆေးကုသဆောင် (၁၀) ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတ ဒေါက်တာ

*စာမျက်နှာ ၈ ကော်လံ ၁* ❍

# မြန်မာ-လာအို ချစ်ကြည်ရေးတံတား မကြာမီဖွင့်လှစ်မည်

သတင်း-မောင်မောင်မြင့်ဆွေ



**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအား ဆက်သွယ်တည်ဆောက်လျက်ရှိသော မဲခေါင်မြစ်ဖြတ်တံတားမှာ တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရှမ်းပြည်နယ် တာချီလိတ်ခရိုင် ကန်လပ်ရွာတောင်ဘက်နှင့် လာအိုနိုင်ငံလန်နမ်သာပြည်နယ် ဟွာခွမ်ရွာအနီးသို့ မဲခေါင်မြစ်ကို ဖြတ်သန်းကာ တံတားတည်ဆောက်နေခြင်း ဖြစ်သည်။ ယင်းတံတားသည် မြန်မာနိုင်ငံမြို့တော် နေပြည်တော်မှ ကီလိုမီတာ ၉၄၀ ခန့်အကွာတွင် တည်ရှိပြီး လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ ကီလိုမီတာ ၁၀၂၀ ခန့်အကွာ၌ တည်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပို့ကုန်သွက်လက် စီးပွားတက်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပို့ကုန်မြင့်မားတိုးတက်ရေးအပေါ်တွင်လည်း အခြေတည်လျက်ရှိပါသည်။ ပို့ကုန်များချဲ့ထွင်တင်ပို့နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေတိုးတက်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် အခြေခံလိုအပ်ချက်များ ဖြည့်တင်းနေရသည့်အတွက် ပို့ကုန်ထက်သွင်းကုန်များက ပို၍များပြားနေတတ်ပါသည်။ အရည်အသွေးကောင်းမွန်သော သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်လာနိုင်သည်နှင့်အမျှ သွင်းကုန်လျော့ကျပြီး ပို့ကုန်များ မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတ ဦးညဏ်ထွန်းက မတ် ၂၅ ရက်တွင်ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံအမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အခမ်းအနား၌ အမျိုးသားပို့ကုန်မဟာဗျူဟာကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အရေးကြီးသည့်အချိန်ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းစဉ်တွင်ပါဝင်သည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပါဝင်ပတ်သက်နေသူများအားလုံး လုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်တစ်လျှောက် တက်ကြွစွာဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပခဲ့သည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၌ အမျိုးသားပို့ကုန်မဟာဗျူဟာ ပေါ်ပေါက်လာစေရေး စတင်အုတ်မြစ်ချခဲ့ပြီး တစ်နှစ်အတွင်းကဏ္ဍ ၁၁ ခုအတွက် အသေးစိတ်ပို့ကုန် မဟာဗျူဟာများရေးဆွဲနိုင်ခဲ့ကြောင်း သိရပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာသည် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အမယ်သစ်ချဲ့ထွင်တင်ပို့နိုင်ရေးအတွက် လမ်းပြမြေပုံတစ်ခုဖြစ်ပါသည်။ ဤအမျိုးသားပို့ကုန်မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် စောင့်ကြည့်လေ့လာအကဲဖြတ် လမ်းညွှန်မှုပေးနိုင်ရေး မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းတည်ထောင်ထားပြီဖြစ်ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ ဆင်းရဲမှုလျော့ကျရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး အချိုးကျတိုးတက်ရေးဆိုသည့် အဓိကရည်မှန်းချက်များ အောင်မြင်တိုးတက်မှုများ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့်မြန်မာနိုင်ငံသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့ဆိုသည့် ရည်မှန်းချက်များကို အောင်မြင်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ပို့ကုန်မဟာဗျူဟာရည်မှန်း ချက်များနှင့်အတူ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပို့ကုန်အမယ်သစ်များ သွက်လက်မြန်ဆန်စွာ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# နေပြည်တော်ရှိ ပညာပေးစိုက်ကွင်းကြီးများအား တောင်သူများ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၈**

နေပြည်တော် ကောင်စီနယ်မြေတွင် ရာသီအလိုက်စိုက်ပျိုးသော သီးနှံအမယ်မျိုးစုံနှင့် စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းကြီးများကို တောင်သူလယ်သမားများ အကျိုးကျေးဇူး ဖြစ်ထွန်းရရှိစေရေးအတွက် တောင်သူနည်းပညာပေးစိုက်ကွင်းကြီးများအဖြစ် ထူထောင်စိုက်ပျိုးပြသ ဆောင်ရွက်ပေးလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်နှင့် ငဖဲမြို့နယ်များမှ လာရောက်လေ့လာကြသည့်လူငယ်များအား မတ် ၂၇ ရက် နံနက် ၁၀ နာရီခွဲက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့သည် ဥတ္တရသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်း၌ ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး သိရှိလိုသည်များကို ရင်းရင်းနှီးနှီး အပြန်အလှန် ဆွေးနွေးဖြေကြားခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနယူး ဧရာကုမ္ပဏီ၏ တစ်နေ့ တန် ၅၀၀ ထိန်းသိမ်း သိုလှောင်နိုင်သော ခေတ်မီအအေးခန်းစက်ရုံ တည်ဆောက်မှုစနစ်နှင့် သိုလှောင်နိုင်မှုစွမ်းရည်များကို ကြည့်ရှုလေ့လာကြပြီး မြေမဲ့စနစ်စိုက်ပျိုးပြသထားသော ဆလတ်ရွက်မျိုးစုံ စိုက်ခင်း၊ စင်တင်စနစ်ဖြင့် စိုက်ပျိုးထားသော ကြက်ဟင်းခါးသီးနှင့် ပဲလင်းမြွေသီး စိုက်ခင်းများကို လည်းကောင်း၊ တစ်ဆက်တစ်စပ်တည်း ကန်စွန်းဥစိုက်ခင်း၊ ခရမ်း၊ ငရုတ်နှင့် ငရုတ်ပျိုးခင်း၊ ကညွတ်သီးနှံ စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန၏ တစ်ဧကလျှင် တန်ချိန် ၈၀ထွက်ရှိနိုင်သော သိပ္ပံနည်းကျ ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ကြံစိုက်ခင်းများကို ကြည့်ရှုလေ့လာကြရာ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေနှင့် ကြံသီးနှံစိုက်ပျိုးရေး ပညာရှင်များက ရှင်းလင်းဆွေးနွေးပြသကြသည်။

ထိုမှတစ်ဆင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာအနီးရှိ မြန်မာနယူးဧရာကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကတင်း ၂၀၀ ကျော် ထွက်ရှိနိုင်သည့် အရည်အသွေးနှင့် ဈေးကွက်ခိုင်မာမှုကို ရှင်းလင်းပြောကြားကြရာ လေ့လာရေး လူငယ်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် မဲဇလီကုန်းကျေးရွာအနီးရှိ မြန်မာ့လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီလီမိတက် (MAPCO) ၏ တန် ၂၀၀ ကျ ခေတ်မီဆန်စက် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ခေတ်မီလယ်ထွန်စက်ကြီးများ၊ ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ကြီးများကိုလည်းကောင်း၊ ဆန်စက်အစိတ်အပိုင်းများ တပ်ဆင်ပြီးစီးနေမှုများကိုလည်းကောင်း ကြည့်ရှုလေ့ လာကြသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်၊ အလျှင်လိုကျေးရွာ ပုလဲသွယ် စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် တစ်ဆက်တစ်စပ်တည်း ၃၄၄ ဧက အဖိုလိုင်း-အမလိုင်း စိုက်ကွင်းကို ရောက်ရှိကြ၍ မျိုးစေ့ထုတ် စိုက်ကွင်းကြီးများအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြပြီး စပ်မျိုးစပါးပညာရှင်များအား မျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို မေးမြန်းလေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

# လူငယ်နှင့်ငြိမ်းချမ်းရေးဆိုင်ရာသင်တန်းနှင့် ဖိုရမ်ကျင်းပ


**လှိုင်ကော် မတ် ၂၈**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်သော အကြောင်းအရာများ၊ လက်ရှိနိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးအပြောင်းအလဲများကို နိုင်ငံတည်ဆောက်ရေး ရှုထောင့်မှ ဆွေးနွေးခြင်းဆိုင်ရာ သင်တန်းနှင့် ဖိုရမ်များကို လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ မတ် ၂၅ ရက်က ကျင်းပသည်။

နိုင်ငံတည်ဆောက်ရေး၊ အမျိုးသား ညီညွတ်မှုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်ဆိုင်ရာ အချက်အလက်များ၊ အကျိုးသက်ရောက်မှုနှင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အခန်းကဏ္ဍအသီးသီးတွင် နည်းအမျိုးမျိုးဖြင့် ဝိုင်းဝန်းပူးပေါင်းစေလိုသော အားဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနမှ အထူးအကြံပေး လေးဦးက အချက်ပေါင်း ၁၀ ချက်ကို လက်တွေ့ သရုပ်ပြမှုနှင့်အတူ ဆွေးနွေးပို့ချခဲ့ရာသင်တန်းသား စုစုပေါင်း ၁၇၀ ဦး တက်ရောက်ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**






# စာကြည့်တိုက်သစ်ဖွင့်

**မူဆယ် မတ် ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် စယ်လန့်ကျေးရွာတွင် ကျေးရွာစုပေါင်းအားဖြင့် တည်ထောင်သည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စာကြည့်တိုက်သစ်အတွက် နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်းနှင့် မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်စာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော် (iprd)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၈-၁၀၈၂ |
| ဥရောပ | တစ်ယူရို | ၁၁၂၀-၁၁၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀-၁၆၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၀၀-၇၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၂၀-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံရိုက်ယူပြီး-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI)ကမ္ဘာ့ညီလာခံ ဒုတိယနေ့ဆက်လက်ကျင်းပ ဘင်္ဂလားဒေ့ရှ်မှ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ပါဝင်ဆွေးနွေး

ရန်ကုန် မတ် ၂၈

**(၆၅) ကြိမ်မြောက် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်း (IPI) ကမ္ဘာ့ညီလာခံ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်၌ ဆက်လက်ကျင်းပသည်။**

IPI ညီလာခံ ဒုတိယနေ့တွင် အစီအစဉ် အပိုင်း(၁)အရ ပါကစ္စတန်နိုင်ငံ Dawn Media Group မှ Editor Jahanzaib Haque၊ ကင်ညာနိုင်ငံ Kenya Editors Guild မှ MD Linus Kaikai၊ သီရိလင်္ကာနိုင်ငံ Samabima Newspapersမှ Editor Manori Kalygampitiya နှင့် မြန်မာတိုင်းမ် အယ်ဒီတာချုပ် ဦးသီဟစောတို့က ငြိမ်းချမ်းရေး တိုးမြှင့်တည်ဆောက်ခြင်း- မုန်းစကားဆိုင်ရာ ထိရောက်သောနည်းလမ်းများ ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော ပြည်တွင်းပြည်ပ မီဒီယာများက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ IPI ညီလာခံ၏ အခန်းကဏ္ဍတစ်ခုအနေဖြင့် အမေရိကန်နိုင်ငံ CNN International မှ အစီအစဉ်တင်ဆက်သူဟောင်းJim Clancy ၏ မေးမြန်းဆွေးနွေးမှု အစီအစဉ်တွင်**(အောက်ပုံ)** ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နိုဗယ်ငြိမ်းချမ်းရေးဆုရှင်နှင့် Grameen Bank Bhaban ဥက္ကဋ္ဌ ပါမောက္ခ Moharmmad Yunus က ကဏ္ဍတိုင်းတွင် စိန်ခေါ်မှုများစွာရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မဖြေရှင်းနိုင်သေးသည့် ပြဿနာကြီးများထက် ဖြေရှင်းနိုင်သည့် ပြဿနာငယ်များကို ဦးစွာဖြေရှင်းသည့်အနေဖြင့် ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းကို မိမိအနေဖြင့် အဓိကဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးအကျိုးအမြတ်ကို မရည်ရွယ်ဘဲ လူမှုရေးလုပ်ငန်းလုပ်ကိုင်လိုသည့် စိတ်ဓာတ်ဖြင့် Microcredit အစီအစဉ်ဖြင့် Social Business စတင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းမှာ ငွေကြေးအလှူရှင်အဖွဲ့၊ ဖောင်ဒေးရှင်းများနှင့် သဘောသဘာဝ တူညီသော်လည်း လုပ်ထုံးလုပ်နည်းမတူကြောင်း၊ ရင်းနှီးငွေကြေးဆုံးရှုံးမှုမရှိဘဲ လူအများ၏ ပြဿနာ ပြေလည်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ကို ဦးတည်ခြင်းမရှိဘဲ လူ့အဖွဲ့အစည်း ပြဿနာများ ဖြေရှင်းရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် အဓိကစိန်ခေါ်မှုမှာ အလုပ်လက်မဲ့ပြဿနာနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု ပြဿနာများဖြစ်ကြောင်း၊ ပညာတတ်များနှင့် ပညာမဲ့များအတွက်ပါ စားဝတ်နေရေး ဖြေရှင်းမှုတွင် လုံလောက်သောဝင်ငွေရရှိရေးသည် အခြေခံအချက်ဖြစ်ကာ ယင်းအတွက် မိမိကိုယ်တိုင်က အလုပ်အကိုင် ရှာဖွေသူထက် စွန့်ဦးတီထွင်လိုသည့် စိတ်ဓာတ်ဖြင့် အလုပ်အကိုင်ဖန်တီးသူ ဖြစ်ရန်လိုအပ်ကြောင်း။

အလုပ်အကိုင်ရရှိရေးတွင် အမျိုးသမီးများကို အဓိကထား ရည်ရွယ်ခဲ့ပြီး ၎င်းတို့ကိုယ်တိုင် အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ချေးငွေထုတ်ချေးသည့် အစီအစဉ်များ စတင်ခဲ့ပါကြောင်း၊ အမျိုးသမီးများအား အလုပ်အကိုင်ဖန်တီးလုပ်ကိုင်စေပြီးရရှိလာသောဝင်ငွေ အမြတ်အစွန်းသည် မိသားစုစားဝတ်နေရေးနှင့် သားသမီးစောင့်ရှောက်ရေးတွင်ပါ အကျိုးဖြစ်ထွန်းကြောင်း။

ဘင်္ဂလားဒေ့ရှ်တွင် ဆောင်ရွက်နေသော Microcredit လုပ်ငန်းနှင့် Social Business ကို နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ အိန္ဒိယနှင့် မက္ကဆီကိုတို့တွင် ဆောင်ရွက်နေပြီး ဆင်းရဲမှု လျှော့ချရေးနှင့် ဆင်းရဲမှုပပျောက်ရေး အခန်းကဏ္ဍသည် မီဒီယာအားလုံးအတွက် ခေါင်းစဉ်ကဏ္ဍအဖြစ်မှတ်ယူစေလိုကြောင်း၊ Social Business ရည်ရွယ်ချက်ကို မမှားယွင်းစေဘဲ အမြတ်အစွန်းအကျိုးရလဒ်ထက် လူမှုပြဿနာများ ပြေလည်စေမည့် လူမှုရေးလုပ်ငန်းအဖြစ် မဆုတ်မနစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အိမ်ရာမဲ့၊ အလုပ်လက်မဲ့များအတွက်ပါ ချေးငွေအစီအစဉ်များပါရှိသည့် ဘဏ်စနစ်နှင့် ဘဏ်များဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း။

မိမိအတွက် အလုပ်လုပ်ခြင်းနှင့် လူတစ်ယောက်အတွက် အလုပ်လုပ်ခြင်းကို ကွဲပြားစေလိုကြောင်း၊ ပြဿနာများဖြင့် မွေးဖွားလာသော လူသားများ အနေဖြင့် ယင်းတို့ကို ဖြေရှင်းပေးမည့်သူကို ရှာဖွေနေခြင်းထက် မိမိကိုယ်တိုင်ပါဝင်ဖြေရှင်းခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဟု မိမိယုံကြည်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသည့် ဆင်းရဲမှုပြဿနာကို သုညအဆင့်ထိ လျှော့ကျစေရန်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ စွန့်ဦးတီထွင်လိုစိတ်၊ အလုပ်အကိုင် ဖန်တီးဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ကြောင်း၊ နည်းပညာအခွင့်အလမ်းများရှိနေသော ယနေ့ခေတ်တွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကို ရေးရှုပြောဆိုမနေဘဲ အလုပ်အကိုင်ကို ဖန်တီးရယူသူနှင့် ဖန်တီးပေးသူ ဖြစ်စေလိုကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းကို မသိတော့သည့်တိုင်အောင် ဖန်တီးပုံဖော်သွားကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော သတင်းမီဒီယာများက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် IPI ညီလာခံ ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ အမှန်ပြောဆိုခြင်း- အရေးပေါ်အခြေအနေနှင့် အကျပ်အတည်းရှိချိန်တွင် ကျင့်ဝတ်နှင့်အညီ သတင်းရေးသားနိုင်ရန် ခေါင်းစဉ်ကို ဂျပန်၊ ယူကေနှင့် ပါကစ္စတန် နိုင်ငံများရှိ သတင်းမီဒီယာများမှ တာဝန်ရှိသူများကလည်းကောင်း၊ လွတ်လပ်သော လူမှုအဖွဲ့အစည်းများတွင် စုံစမ်းထောက်လှမ်းသတင်းစာပညာ လိုအပ်မှုခေါင်းစဉ်ဖြင့် ဟောင်ကောင်၊ ထိုင်း၊ ပါကစ္စတန်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ မြစ်မခသတင်းမီဒီယာမှ တာဝန်ရှိသူများကလည်းကောင်း၊ အန္တရာယ်ရှိသော သက်မွေးမှု၊ သတင်းစာပညာ- သတင်းပေးသူများ အသတ်ခံရခြင်းကို မည်သို့ရပ်တန့်ကြမည်နည်း ခေါင်းစဉ်ကို ကာတာ၊ အီရတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့ရှိ သတင်းဌာနများမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြကာ ဖိတ်ကြားထားသည့် သတင်းမီဒီယာများမှ အပြန်အလှန်ပါဝင်ဆွေးနွေးကြပြီး IPI အဖွဲ့ဝင်များ သီးသန့်ညီလာခံကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပခဲ့သည်။

IPI ညီလာခံ ကျင်းပနေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နိုဗယ်ငြိမ်းချမ်းရေးဆုရှင်နှင့် Grameen Bank Bhaban ဥက္ကဋ္ဌ ပါမောက္ခ Moharmmad Yunus နှင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း**(အပေါ်ပုံ)**၊ နိုင်ငံတကာ မီဒီယာပံ့ပိုးမှုအဖွဲ့(IMS) မှ အာရှဒေသဆိုင်ရာ စီမံကိန်းမန်နေဂျာ Esben Q. Harboe၊ Country Program Coordinator Glen Swanson၊ Centre for Law and Democracy မှ Executive Director Toby Mendel၊ ဖိလစ်ပိုင်နိုင်ငံစုံစမ်းထောက်လှမ်းသတင်းစာပညာဗဟိုဌာနအမှုဆောင် ဒါရိုက်တာ Malou C.Mangahas တို့နှင့် မွန်းလွဲပိုင်းတွင် ချက်ထရီယံဟိုတယ်ရှိ အမရပူရ ခန်းမတွင်သီးခြားစီ တွေ့ဆုံခဲ့သည်။

IPI ညီလာခံ ဒုတိယနေ့အစီအစဉ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ညီလာခံတက်ရောက်လာသော ပြည်တွင်းသတင်းမီဒီယာများမှ သတင်းထောက်များနှင့် တွေ့ဆုံပြီး သတင်းမီဒီယာလုပ်ငန်းဆိုင်ရာ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**






# နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI)၏ ၂၀၁၅ မီဒီယာဆိုင်ရာ ထူးချွန်ဆုများချီးမြှင့်

**ရန်ကုန် မတ် ၂၈**

နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI)၏ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့နေရာဒေသအသီးသီးတွင် မီဒီယာဆိုင်ရာလုပ်ငန်းများ ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သည့် သတင်းမီဒီယာများနှင့် လူပုဂ္ဂိုလ်များအား ထူးချွန်ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ် Pool Garden ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်းမှ ဥက္ကဋ္ဌ Ms. Galina Sidorova နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၊ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

IPI ၏ မီဒီယာဆိုင်ရာ ထူးချွန်ဆုများတွင် (၆၇) ကြိမ်မြောက် ကမ္ဘာ့လွတ်လပ်သော မီဒီယာသူရဲကောင်းဆု (67th World Press Freedom Hero)ကို ဆီးရီးယားမီဒီယာနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု ဗဟိုဌာန (Syrian Centre for Media and Freedom of Expression)မှ မီဒီယာဥပဒေအကျိုးဆောင် Mr.Mazen Darwish နှင့် ၂၀၁၅ ခုနှစ်အတွက် လွတ်လပ်သော မီဒီယာရှေ့ဆောင်ဆု (IPI 2015 Free Media Pioneer Award)ကို Mexican journalists' network Periodistas de a Pie ( Journalists on Foot)တို့ ရရှိခဲ့ကြသည်။ **(သတင်းစဉ်)**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အထောက်အကူပြုသင်တန်းများဆင်း

**ရန်ကုန် မတ် ၂၈**

ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အထောက်အကူပြုသင်တန်းများဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့သစ်(မြောက်ပိုင်း) မြို့နယ် မြဝတီမင်းကြီးလမ်း အမှတ် (၅၁) ရပ်ကွက် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းများဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ်(၅၉) စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၈၉) နှင့် အထူးနည်းပြသင်တန်းအမှတ်စဉ် (၁) တို့မှ သင်တန်းဆင်း သင်တန်းသားသင်တန်းသူများကို အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်တန်းအလိုက် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယနေ့ အထိ ဗဟိုလေ့ကျင့်ရေးကျောင်းမှ သင်တန်းဆင်း စုစုပေါင်းမှာ ၁၁၃၀၁၄ ဦး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ *ကျောက်ဖြူ*

တာလွှတ်ပေးလိုက်ပြီးပြိုင်ပွဲဝင်အမျိုးသား အမျိုးသမီးစက်ဘီး အားကစားသမား ၄၈ ဦး ပါဝင်ကြကာ စုရပ်နေရာမှ ကျုံးသုံးပတ်စီးနင်းပြီး မန္တလေးတောင်ပေါ်သို့ နှစ်ကြိမ် ကားလမ်းအတိုင်း တက်ရောက်စီနင်း၍ ၆၆ လမ်းအတိုင်း ၂၆ လမ်းအထိ ထိုမှ ၆၂ လမ်းအတိုင်း ကနောင်မင်းသားကြီး ၅၁ လမ်းရှိ MSP CAT ရုံးသို့ ယှဉ်ပြိုင်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး အသက် ၁၉ နှစ်အောက်နှင့် အသက် ၂၆ နှစ်အထက် သက်တန်းအလိုက် ဆုရအမျိုးသမီးအားကစားသမားများအား အား/ကာသိပ္ပံကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ အသက်၂၆ နှစ်အထက်၊ အသက် ၁၉နှစ်မှ ၂၅နှစ်နှင့် အသက် ၁၉ နှစ်အောက်ပြိုင်ပွဲတွင် ဆုရအားကစားသမားများအား မြန်ရွှေပြည်ထရက်တာလီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လည်းကောင်း ဆုတံဆိပ်နှင့်ဆုငွေများ ချီးမြှင့်ခဲ့သည်။

နိုင်ငံတကာသတင်း

# ဆော်ဒီနှင့် အီဂျစ်စစ်သင်္ဘောများ ယီမင်၌ ဖြန့်ကြက်



ယီမင်ရှိ အေဒင်ဆိပ်ကမ်းမှ ကမ်းတက်တိုက်ပွဲမဆင်နွှဲမီ လေကြောင်းတိုက်ခိုက်မှုကို သီတင်းတစ်ပတ်ခန့်ကြာ ပြုလုပ်ဖွယ်ရှိကြောင်း ယီမင်စစ်ဘက် အရာရှိဟောင်း နက်ဆာအယ်လ်မာကွာရှီက ပြောသည်။ **(ပရက်စ်တီဗွီ)**

**ဆာနား မတ် ၂၈**

ဆော်ဒီအာရေဗျနှင့် အီဂျစ်တို့က အာရေဗျကျွန်းဆွယ် ဝင်ရောက်တိုက်ခိုက်ရေးပြင်ဆင်မှုတစ်ရပ်အဖြစ် ယီမင်ကမ်းရိုးတန်း မဟာဗျူဟာရေလက်ကြား ဘက်(ဘ်) အဲမန်ဒက်ကမ်းလွန်တွင် စစ်သင်္ဘောများ ဖြန့်ကြက်ချထားသည်။

အာရေဗျပင်လယ်မှ အီဂျစ်စူးအက်တူးမြောင်းကို ချဉ်းကပ်ဝင်ရောက်နိုင်သည့် အဆိုပါ ရေလက်ကြားသို့ အီဂျစ်နှင့် ဆော်ဒီအာရေဗျစစ်သင်္ဘော အများအပြား စေလွှတ်ထားပြီဖြစ်ကြောင်း အမည်မဖော်လိုသူ အီဂျစ် စစ်ဘက်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် အေပီသတင်းက သောကြာနေ့က ဖော်ပြသည်။

အဆိုပါ နှစ်နိုင်ငံမှ စစ်သင်္ဘောများသည် ဘက်(ဘ်) အဲမန်ဒက်ရေလက်ကြား အနီးပတ်ဝန်းကျင်တွင် ရောက်ရှိနေပြီး ၎င်းတို့တွင် ဖျက်သင်္ဘောနှင့် အခြားသင်္ဘောနှစ်စင်းလည်းပါဝင်ကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။

အီဂျစ်ရေတပ်သင်္ဘောများကို ဘက်(ဘ်) အဲမန်ဒက် ရေလက်ကြားသွားရာလမ်းတစ်လျှောက်၌ တွေ့ရကြောင်း ယီမင်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ရီးယာ့ဒ်ယက်ဆင်က ပြောသည်။

ယီမင်သို့ ကြည်းတပ်များ စနစ်တကျ ဖြန့်ကြက်သွားဖွယ်ရှိကြောင်း၊ မတ် ၂၆ ရက်ကတည်းက ဆော်ဒီအာရေဗျက လေကြောင်းမှ ယီမင်ကို စတင်တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောသည်။

# အိုင်အက်စ်တို့အား တိုက်ခိုက်ချေမှုန်းမည့် စစ်သွေးကြွ ၄၀၀ ပင်တဂွန်စစ်သင်တန်းပေးရန်ရွေးချယ်

**ပင်တဂွန် မတ် ၂၈**

စက်တင်ဘာလထက် နောက်မကျဘဲ အိုင်အက်စ်အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းရန် ပထမဆုံးအကြိမ်အဖြစ် သဘောထားအလယ်အလတ်ရှိသော ဆီးရီးယား စစ်သွေးကြွ ၄၀၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ရေး ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အမေရိကန်စစ်ဘက်နှင့် ထောက်လှမ်းရေး အေဂျင်စီများအနေဖြင့် ဆီးရီးယားရှိ အိုင်အက်စ်တို့အား ချေမှုန်းသုတ်သင်ရန်အတွက် စစ်သွေးကြွ ၅၀၀၀ ကို လေ့ကျင့်သင်ကြားပေးမည့်အစီအစဉ်အရ အဆိုပါ စစ်သွေးကြွများ၏ နောက်ခံသမိုင်းကြောင်းကို စစ်ဆေးနေပြီဖြစ်ကြောင်း သောကြာနေ့က ပင်တဂွန်က ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံတွင် ပြည်ပအထောက်အပံ့ခံ စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံအတွင်း လူပေါင်း ၂၁၀၀၀၀ သေဆုံးခဲ့ပြီဖြစ်သည်။

အဆိုပါ စစ်ဆေးမှုများ ပြုလုပ်ရာတွင် စစ်သွေးကြွများ၏ နောက်ခံသမိုင်းကြောင်းကို အဓိက စစ်ဆေးနေခြင်းဖြစ်ကြောင်း၊ လက်ဗွေစစ်ဆေးခြင်း၊ မျက်ကြည်လွှာ ဓာတ်မှန်စစ်ဆေးခြင်းတို့လည်း ပါဝင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းတို့အား စစ်ဆေးပြီးလျှင် ယခုနှစ် နွေရာသီနှောင်းပိုင်းတွင် စစ်သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး စတိဗ်ဝါရင်က ပြောကြားသည်။ စစ်သွေးကြွ ၂၂၀၀ အနက်မှ ၄၀၀ ကို စစ်သင်တန်းပေးရန် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**(ပရက်စ်တီဗွီ)**



# ဂျပန်က မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်ဖွယ်ရှိ

**တိုကျို မတ် ၂၈**

မြောက်ကိုရီးယားသည် လွန်ခဲ့သော ဆယ်စုနှစ်များက ဂျပန်နိုင်ငံသားများအား ပြန်ပေးဆွဲမှုကို သတင်းထုတ်ပြန်ပေးရန် နှောင့်နှေးကြန့်ကြာနေသည့်အပေါ် ဂျပန်နိုင်ငံက မြောက်ကိုရီးယားအပေါ်တွင် ပိတ်ဆို့အရေးယူမှုများကို ထပ်မံတိုးမြှင့်သွားဖွယ်ရှိကြောင်း နီကေးစီးပွားရေး နေ့စဉ်သတင်းစာက စနေနေ့တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ကုန်သွယ်ရေးအရ ပိတ်ဆို့မှုတိုးမြှင့်ရန်၊ မြောက်ကိုရီးယားနိုင်ငံထဲသို့ လေယာဉ်ဝင်ထွက်ခွင့် ပိတ်ပင်မှုတိုးမြှင့်ရန်၊ ဂျပန်ဆိပ်ကမ်းသို့ မြောက်ကိုရီးယားသင်္ဘောများ ဝင်ရောက်မှုတားဆီးရန် စသည်တို့ကို ဂျပန်အစိုးရက လာမည့်အင်္ဂါနေ့တွင် ဆုံးဖြတ်မည်ဖြစ်သည်။

လွန်ခဲ့သော ၂၀၀၂ ခုနှစ်က မြောက်ကိုရီးယားသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များက သူလျှိုများကို သင်တန်းပေးလေ့ကျင့်နိုင်ရေးအတွက် ဂျပန်နိုင်ငံသား ၁၃ ဦးအား ပြန်ပေးဆွဲခဲ့သည်။ ပြန်ပေးဆွဲခံရသူများထံမှ ငါးဦးနှင့် ၎င်းတို့၏မိသားစုများကို နောင်တွင် ဂျပန်နိုင်ငံသို့ပြန်ပို့ခဲ့သည်။

ကျန်ရှိနေသော ပြန်ပေးဆွဲခံရသူ ရှစ်ဦးသည် သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ထို ကိစ္စကိုလည်း အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောခဲ့သည်။ သို့သော် ဂျပန်နိုင်ငံက ဤကိစ္စတွင် သတင်းအချက်အလက် ပိုမိုရရှိရန်အတွက် မြောက်ကိုရီးယားကို ဖိအားပေးလျက်ရှိသည်။

လွန်ခဲ့သော ဇူလိုင်လတွင် ဂျပန်က မြောက်ကိုရီးယားပေါ် အရေးယူပိတ်ဆို့ထားမှုအချို့ကို ဖယ်ရှားခဲ့သည်။

ပြန်ပေးဆွဲခံရသူများနှင့် သက်ဆိုင်သော အစီရင်ခံစာကို လွန်ခဲ့သော စက်တင်ဘာလကထုတ်ပြန်ရန် မြောက်ကိုရီးယားက ပြောခဲ့သော်လည်း ၎င်းသည် ကနဦးအဆင့်တွင်သာရှိသေးကြောင်း ပြောခဲ့သည်။

ယခုလတွင် နှစ်နိုင်ငံအရာရှိများသည် ဤကိစ္စနှင့်ပတ်သက်ပြီး အလွတ်သဘော ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်မှုနှောင့်နှေးမည်ဆိုပါက ဂျပန်နိုင်ငံက မြောက်ကိုရီးယားကို ယခုထက်ပိုမိုတင်းကျပ်သောအရေးယူပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဟု သိရသည်။

**(ရိုက်တာ)**

# သီရိလင်္ကာသမ္မတ၏ညီ အသတ်ခံရ

**ကိုလံဘို မတ် ၂၈**

သီရိလင်္ကာသမ္မတ၏ညီဖြစ်သူသည် ပုဆိန်ဖြင့်တိုက်ခိုက်ခံရပြီးနောက် ဆေးရုံပေါ်တွင် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ပရိယန်သာဆီရီဆေနာသည် ကိုလံဘိုမြို့အရှေ့မြောက်ဘက်ရှိ ၎င်း၏ဇာတိမြို့၌ တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ဦးခေါင်းတွင် ဒဏ်ရာများစွာရရှိခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ ပုဂ္ဂိုလ်ရေး အငြင်းပွားဖွယ်ကိစ္စရပ်ရှိခဲ့ပြီး လူတစ်ဦးကိုဖမ်းဆီးထားကြောင်း ကိုလံဘိုဂေဇတ်သတင်းစာတွင် ဖော်ပြထားသည်။ သမ္မတသည် တရုတ်ပြည်သို့ အလည်အပတ်ခရီးသွားနေသည်။

ယခင် သီရိလင်္ကာခေါင်းဆောင်အများစုနှင့် မတူညီသည့်အချက်မှာ လက်ရှိသမ္မတသည် ၎င်း၏မိသားစုဝင်များ လုံခြုံရေးအတွက် အထူးတလည် လုပ်ဆောင်ထားခြင်းမရှိသည့်အပြင် ၎င်း၏လုံခြုံရေးတပ်ဖွဲ့ကိုလည်း အင်အားလျှော့ချထားသည်။

**(ဘီဘီစီ)**

# ဆိုမာလီပိုင်ဟိုတယ်ပုံးခွဲခံရပြီးနောက် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား



**မိုဂါဒစ်ရှူး မတ် ၂၈**

ဆိုမာလီတပ်ဖွဲ့ဝင်များသည် အယ်လ်ရှာဘတ်စစ်သွေးကြွများသိမ်းပိုက်ထားသည့် မိုဂါဒစ်ရှူးမြို့တော်ရှိ မာကာအယ်လ်မူခါရာမာဟိုတယ်ကို ပြန်လည်ရယူထိန်းချုပ်နိုင်ရေးအတွက် တိုက်ခိုက်လျက်ရှိသည်။

အဆိုပါဟိုတယ်၌ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားစဉ် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ ဆိုမာလီသံအမတ် ယူဆပ်ဖ်ဘာရီဘာရီ အပါအဝင် လူ ၁၀ ဦး သေဆုံးခဲ့သည်။ အခြားသံတမန်များမှာ ပြတင်း တံခါးမှ ခုန်ချထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

အမေရိကန်တို့လေ့ကျင့်ပေးထားသော ဆိုမာလီအထူးတပ်ဖွဲ့ဝင်များသည် ဟိုတယ်၏ နေရာအများစုကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ စစ်သွေးကြွများသည် အပေါ်ဆုံးအထပ်များနှင့် ဟိုတယ်အမိုးပေါ်၌ ပြန်လည်ခုခံလျှက်ရှိသည်ဟု နောက်ဆုံးရသတင်းများအရ သိရသည်။

ရဲမှူး အစ်စမေးလ်အိုလိုက မူလကတိုက်ခိုက်သူကိုးဦးရှိပြီး ခြောက်ဦးမှာ သေဆုံးသွားသည်ဟု ပြောခဲ့သည်။ အသေခံဗုံးခွဲသမားတစ်ဦးက အဆောက်အအုံ၏ အပြင်ဘက်၌ ကားဗုံးခွဲရာမှ တိုက်ခိုက်မှုစတင်ခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# နိုင်ငံတကာအတွေ့အကြုံရရှိပြီး သတင်းအေဂျင်စီများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်ခွင့်ရ၍ အကျိုးရှိ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း ညီလာခံတွင် နိုင်ငံတကာမီဒီယာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ IPI ညီလာခံ တက်ရောက်ခွင့်ရရှိရန် မြန်မာနိုင်ငံဒေသစုံမှ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေကြသော သတင်းမီဒီယာ(၃၅)ခုမှ ထုတ်ဝေသူ၊ အယ်ဒီတာနှင့် သတင်းစာဆရာ(၅၀)ကို ပညာသင်ဆုအဖြစ် ရွေးချယ်တက်ရောက်စေခဲ့ရာ ရွေးချယ်ခံပြည်တွင်းမီဒီယာများနှင့် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများကို စုစည်းဖော်ပြလိုက်ပါသည်။

**မဖြူမာပိုင်(အလွတ်တန်း သတင်းထောက်/ဗီဒီယိုဂျာနယ်လစ်၊ MJI ကျောင်းသူ)**



IPI Congress ကို ပထမဦးဆုံးအကြိမ် ကျင်းပတာ မြန်မာနိုင်ငံအတွက် အလွန်ဂုဏ်ယူရမယ့်အရာပါ။ ဒီမှာ နိုင်ငံတကာသတင်းသမားမီဒီယာသမားတွေ သတင်းဘယ်လိုယူတယ်ဆိုတာကို ကိုယ်တိုင်မြင်တွေ့ခွင့်ရတယ်။ တခြားနိုင်ငံမှာ တစ်ဦးတည်း၊ ဒါမှမဟုတ် အဖွဲ့နဲ့ဆောင်ရွက်တာလည်း တွေ့ရတယ်။ တခြားနိုင်ငံမှာ သတင်းယူတဲ့ ပုံစံတချို့ကို နားလည်လာတယ်။ သူတို့တွေရဲ့ စည်းကမ်းရှိမှု၊ တစ်ယောက်ကို တစ်ယောက် အနှောင့်အယှက်မပေးတာ၊ သတင်းမီဒီယာအေဂျင်စီတွေနဲ့ လေ့လာသူတွေလည်း ဒီပွဲမှာပါဝင်တယ်လို့ သိလာရတယ်။ နိုင်ငံခြား သတင်းအေဂျင်စီတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေရှိနေပြီး သတင်းသမားတစ်ယောက်ရဲ့ စွမ်းဆောင်မှုတွေပိုရလာမှာ ဖြစ်ပါတယ်။ ဒီလို အခွင့်အရေးကို အသုံးချနိုင်မယ်ဆိုရင် ဒီမီဒီယာဆွေးနွေးပွဲက အကျိုးရလဒ်တွေရနိုင်ပါတယ်။

မနေ့က ဆွေးနွေးပွဲမှာ အဓိကကမြန်မာမီဒီယာသမားတွေ လွတ်လပ်တဲ့အနေအထားဖြစ်ဖို့နဲ့ ဖမ်းဆီးခံမီဒီယာတွေ လွတ်မြောက်ဖို့ ဆန္ဒပြတဲ့ကိစ္စတွေလည်း ပါဝင်တယ်။ ဆန္ဒပြတယ်ဆိုတာမှာ ဝန်ကြီးဆိုရင်အောင်မြင်မှုလို့တောင် သဘောထားသွားတယ်။ တစ်ခုခု လုပ်လိုက်တိုင်းမှာ တုံ့ပြန်မှုတစ်ခုက အမြဲရှိတယ်။ တကယ်က ဒီလိုဖြစ်ချင်တာ မဟုတ်ဘူး။ မီဒီယာသမားတွေအနေနဲ့ သူ့ကိုအောင်မြင်အောင် ပံ့ပိုးတာမဟုတ်ဘူး။ အကူအညီတောင်းတာ။ သူက ကူညီမယ်လို့ ဖြစ်လာစေချင်တာ။ သူ့ကိုမြင်ရတဲ့အတွက် မီဒီယာသမားတွေက ခွန်အားတွေရချင်တာ။ လက်တွေ့မှာတော့ အဲ့ဒီလိုရအောင်လုပ်နိုင်ဖို့ မလွယ်သေးဘူး။ လုပ်လည်း မလုပ်တတ်ကြဘူး။ တကယ်တော့ ဆန္ဒပြတယ်ဆိုတာ သူ့အတွက်ပဲ ကောင်းသွားသလို ဖြစ်နေတယ်။ မနေ့ကရလိုက်တာက ဆန္ဒပြတဲ့သူကလည်း ငြိမ်းငြိမ်းချမ်းချမ်း ပြသွားတယ်။ သူလည်းပဲ မှန်မှန်ကန်ကန် အဆင်ပြေပြေ ရင်ဆိုင်သွားတယ်။ အားလုံးလည်း အနှောင့်အယှက်ဖြစ်မသွားဘူး။ ဒီတစ်ခုတော့ အများကြီးအဆင်ပြေသွားတယ်။

**ကိုအောင်ကောင်းမွန်**
**လင်းလင်း(လားရှိုး)၊ လားရှိုးနယ်မြေခံသတင်းထောက်၊ လားရှိုးမီဒီယာဂရု**




မနေ့က ဆွေးနွေးမှုမှာ တခြားနိုင်ငံတွေက မီဒီယာဆိုင်ရာ အခက်အခဲတွေနဲ့ ကျွန်တော်တို့ဆီက အခက်အခဲတွေ တိုက်ဆိုင်တူညီတာတွေရှိတယ်ဆိုတာတွေ့ရတယ်။ ဒါတွေကို တစ်ဦးတစ်ယောက်တည်းအပြင် အဖွဲ့အစည်းအနေနဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းမလဲ၊ တချို့ကို ဘယ်လိုဖြေရှင်းကြတယ်ဆိုတာ ရှုထောင့်အမျိုးမျိုးနဲ့ ဆွေးနွေးကြလို့ ဗဟုသုတရပါတယ်။

မီဒီယာ လွတ်လပ်ခွင့်နဲ့ဆိုင်တဲ့ ဘာသာရေး အကဲဆတ်မှုတွေကို အဓိကဆွေးနွေးတာ တွေ့ရပါတယ်။ မီဒီယာလွတ်လပ်ခွင့် ဆွေးနွေးတဲ့အခါ သတင်းထောက်တွေအပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ တုံ့ပြန်မှုနဲ့ ပတ်သက်ပြီး တချို့ကိစ္စတွေက မဖြစ်သင့်တဲ့အကြောင်းတွေကို ဆွေးနွေးတာကြားသိရပြီး ကျွန်တော်တို့ သဘောထားတွေနဲ့ တိုက်ဆိုင်မှုတွေ ရှိပါတယ်။

**ဘရန်မိုင်(CEO)**
**မြစ်ကြီးနားသတင်းဂျာနယ်**

IPI ညီလာခံက အလွန်ကို တန်ဖိုးရှိတယ်။ ဒီမှာဆွေးနွေးကြတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေက ရခဲပါတယ်။ အခုလိုအခြေအနေမှာ လွတ်လပ်တဲ့သတင်းမီဒီယာခေါင်းစဉ်နဲ့ ဆွေးနွေးကြတာ ကောင်းပါတယ်။

မနေ့က ဆွေးနွေးမှုမှာ ပုံနှိပ်သတင်းစာတွေ ရပ်တည်ဖို့ အခက်အခဲရှိတဲ့ အကြောင်းတွေ ဆွေးနွေးကြတာမှာ ဂျာနယ်တော်တော်များများ ရှုံးသွားတာ၊ ပိတ်လိုက်ရတာတွေ ပါပါတယ်။ ဒါတွေက ဒီမှာတင်မဟုတ်ဘဲ နိုင်ငံတကာမှာလည်းဖြစ်နေ တယ်ဆိုတာ သိရတယ်။ နောက်ပြီး အမုန်းစကားကဏ္ဍမှာလည်း မနေ့က နည်းနည်းထည့်ပြောသွားပြီး ဒီနေ့ ဆွေးနွေးမယ့်ခေါင်းစဉ်မှာ ပါတော့ စိတ်ဝင်စားဖို့ကောင်းပြီး ပိုပြည့်စုံလိမ့်မယ်ထင်တယ်။

၂၀၁၂ ဩဂုတ်လကတည်းက စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး မီဒီယာလွတ်လပ်ခွင့် ရလာတယ်။ လွတ်လပ်တဲ့မီဒီယာဆိုပေမယ့် အဖမ်းအဆီး ကိစ္စတွေရှိနေသေးတော့ နည်းနည်းတော့ ကျန်သေးတယ်။ အပြည့်အဝတော့ မရသေးဘူးပေါ့။ နောက်ပိုင်းမှာလည်း မီဒီယာအခွင့်အရေးတွေ ပိုရလာမယ်လို့ ထင်တာပါပဲ။ ဥပမာ-အစိုးရအနေနဲ့ မီဒီယာတွေကို ဝင်ထိန်းချုပ်တာထက်စာရင် မီဒီယာသမားအချင်းချင်း ထိန်းချုပ်တဲ့စနစ်နဲ့သွားကြရင် မကောင်းဘူးလားဆိုတာမျိုးပေါ့။ အဲ့ဒီအပိုင်းကို ရောက်သွားရင် ပိုပြီးလွတ်လပ်သွားမယ်လို့ ထင်ပါတယ်။

**မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**



**ကိုထွန်းထွန်းထွေး**
**အလွတ်တန်းသတင်းထောက်**
**ဘားအံမြို့နယ်**

လက်ရှိအချိန်က မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်ခွင့်ကို ဖော်ဆောင်နေတဲ့ ကာလဖြစ်ပြီး နိုင်ငံတကာပါဝင်တဲ့ ညီလာခံကြီးကို လာကျင်းပတဲ့အတွက် သတင်းလွတ်လပ်ခွင့်တွေ၊ သတင်းသမားအတွက် ကာကွယ်မှုတွေ ဖြစ်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ မနေ့က ဆွေးနွေးမှုမှာ ထူးထူးခြားခြား သတင်းသမားတစ်ဦး ဆန္ဒဖော်ထုတ်တယ်။ ဒါကို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကာလမှာ သတင်းလွတ်လပ်ခွင့်ကို လက်တွေ့ဖော်ပြရာရောက်တယ်ဆိုတဲ့ အကြောင်းကို ဝန်ကြီးကပြောပါတယ်။ ဒါကလည်း ပွင့်လင်းလာတဲ့အနေအထားကို နိုင်ငံတကာက သိခွင့်ရတယ်လို့လည်း ယူဆပါတယ်။



လွတ်လပ်ခွင့် ဆိုတာက အတိုင်းအတာတစ်ခုထိ ရှိနေပါတယ်။ ဒီမိုကရေစီ ကူးပြောင်းကာလက သက်တမ်းနုသေးတော့ ဒါကို ဖြည်းဖြည်းချင်းရွေ့သွားပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ ရလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းဆောင်ရွက်မည့်ရက် ပြောင်းလဲသတိပေးချက် ထုတ်ပြန်ကြေညာ


**နေပြည်တော် မတ် ၂၈**

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသည် ပင်လယ်ပြင်လေ့ကျင့်ခန်းများအား ယခင်ကြေညာထားသည့် မတ် ၂၇ ရက်မှ ဧပြီ ၆ ရက်(အစား) မတ် ၃၁ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြောင်းလဲပြုလုပ်သွားမည်ဖြစ်ပြီး ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များ လေ့ကျင့်ပစ်ခတ်ခြင်းများအား မာန်အောင်ကျွန်း အနောက်ဘက်ရေပြင်တွင် လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

လေ့ကျင့်ခန်း ဧရိယာအဖြစ် Point AA မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ်၊ Point BB မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ်၊ Point CC မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ်၊ Point DD မြောက် လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ် စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာအတိုင်း ပြင်ဆင်သတ်မှတ်ထားရှိပြီးဖြစ်ကြောင်း ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါ ဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင် စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော် ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)






# ကန်ဦးရေကန်ကြီး ပြန်လည်တူးဖော်၍ ဒေသခံများ၏ ရေလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်

**နေပြည်တော် မတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်ရှိ ဘက်စုံသုံး ကန်ဦးရေကန်ကြီးကို အသစ်တစ်ဖန် ပြန်လည်တူးဖော်ပေးမှုကြောင့် ဒေသခံပြည်သူများ သောက်ရေသုံးရေအပြင် စိုက်ပျိုးရေအတွက်ပါ လုံလောက်ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကန်ကြီးအတွင်း တိမ်ကောနေသည့် နုန်းမြေများကို စက်ယန္တရားကြီးများအသုံးပြုပြီး ပြန်လည်တူးဖော်နေခြင်း၊ ကန်ပေါင်မြေသားထပ်မံဆင့်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် မြို့နယ်ဆည်မြောင်း တာဝန်ရှိသူများအဖွဲ့သည် မတ် ၂၇ ရက် ညနေပိုင်းက သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းရေကန်ကြီးသည် ၂ ဒသမ ၆ ဧက ကျယ်ဝန်းကာ နုန်းမြေများပို့ချပြီး တိမ်ကောပျက်စီးနေသောကြောင့် နှစ်ကာလအတော်ကြာ ရေသိုလှောင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အသစ်ပြန်လည်တူးဖော်ပေးမှုကြောင့် ရတနာဒီပရပ်ကွက်အပြင် အနီးရှိ သုခဒီပနှင့် ကျည်တောင်ကန်ကျေးရွာအုပ်စုရှိ ရပ်ကွက်များ၏ ရေလိုအပ်မှုများစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

မောင်လွင်(တပ်ကုန်း)

# အသက်(၁၅)နှစ်အောက် နွေရာသီကျောင်းပိတ်ရက် အခြေခံဘောလုံးသင်တန်းဖွင့်

**ဖျာပုံ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အားကစား ဆပ်ကော်မတီနှင့် ဘောလုံးဝါသနာရှင်များ ဦးစီးကျင်းပသော ပထမအကြိမ် အသက်(၁၅ )နှစ်အောက် နွေရာသီကျောင်းပိတ်ရက် အခြေခံဘောလုံးသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် ညနေက ဖျာပုံမြို့ ပြည်သူ့အားကစား ဘောလုံးကွင်းကြီး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက အမှာစကား ပြောကြားပြီး သင်တန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် အား/ကာ ဦးစီးအရာရှိ ဦးဝင်းထိန်က အလှူရှင်များ စာရင်းအား ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းနည်းပြချုပ် စထက်နိုင်ဝင်းထံ လေ့ကျင့်ဘောလုံးများ ပေးအပ်သည်။

အဆိုပါ သင်တန်းအား မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ မျိုးဆက်သစ်ကျောင်းသားလူငယ် ၁၀၄ ဦးအား တာဝန်ရှိသူများက နေ့စဉ် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ချမ်းသာ(ဖျာပုံ)

ဆေးပညာဆောင်းပါး

# ဆေးပညာသတင်းဆန်းများ(၉၁)

ဒေါက်တာကံညွန့်

**နာတာရှည်အဆစ်အမျက်ရောင်ရောဂါကုဆေး**

ကမ္ဘာတစ်လွှား လူပေါင်း သန်း ၄၀ ခန့် ခံစားနေရတဲ့ Rheumatoid Arthritis ခေါ်တဲ့ နာတာရှည် အဆစ်အမျက်ရောင်ရောဂါ ကုသနိုင်ဖို့ ဆေးတစ်မျိုးကို အောင်မြင်စွာဖော်ထုတ်နိုင်ပြီလို့ ဆိုပါတယ်။ ဒီဆေးနာမည်ကတော့ Ro Actemra လို့ခေါ်ပြီး ဒီ ဆေးကို ဆွစ်ဇာလန်နိုင်ငံက နာမည်ကြီးဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Roche က ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးကိုအသုံးပြုဖို့ ဥရောပဘုံဈေးအဖွဲ့က သဘောတူညီမှုရထားပြီလို့ ဆိုပါတယ်။ ယခင်တုန်းကတော့ ဒီရောဂါရှင်တွေအတွက် DMARDS, Methothrexate Steroid နှင့် Non Steroidal Anti-Inflammatory Drugs(NSAID) ဆေးတွေကိုသာ အသုံးပြုခဲ့ရတာပါ။ ယခုအသစ်ပေါ်လာတဲ့ဆေးဟာ အာနိသင်ကောင်းမွန်ပြီး တခြားဆေးတွေနဲ့ အဆင်မပြေတဲ့ လူနာတွေအတွက် အထူးသင့်လျော်တယ်လို့ ဆိုပါတယ်။

အတိုကောက် R.Aလို့ခေါ်တဲ့ ဒီရောဂါဟာ အသက် ၅၀ ကျော် ၆၀ အရွယ်မှာ ဖြစ်တတ်ပြီး ယောကျာ်းတွေထက် မိန်းမတွေမှာပိုဖြစ်တတ်ပါတယ်။ ဆေးလိပ်သောက်သူတွေမှာ ရောဂါပိုဆိုးနိုင်ပြီး ဒီရောဂါဖြစ်သူတွေမှာ မျက်စိအတွင်းရောင်ရောဂါဖြစ်တတ်ပြီး သွေးထဲမှာ ကိုလက်စထရောလ်ဓာတ်များတာ ကြောင့် နှလုံးရောဂါ၊ ဦးနှောက်ရောဂါတွေပါ ပူးတွဲဖြစ်ပေါ်စေနိုင်တဲ့ ရောဂါဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**အာရုံခံနိုင်စွမ်းရှိတဲ့လက်အတု**

တောင်ကိုရီးယားနိုင်ငံဟာ ခြေတုလက်တုလုပ်ရာမှာ တိုးတက်တဲ့နိုင်ငံတစ်ခုပါ။ အခုလည်း ဆိုးလ်အမျိုးသားတက္ကသိုလ်က လက်အစစ်နီးပါး အာရုံခံနိုင်တဲ့လက်အတုတစ်ခုကို တီထွင်နိုင်ခဲ့ပါပြီ။ ဒီလက်အတုရဲ့ အပေါ်ယံအရေပြားအလွှာကို Electronic Smart Skin လို့ အမည်ပေးထားပြီး ဒီလက်အတုနဲ့ အပူအအေး၊ စိုထိုင်းမှုတို့ကို အာရုံခံနိုင်စွမ်းရှိပြီး လက်ဆွဲနှုတ်ဆက်တာတို့၊ ကီးဘုတ်နှိပ်တာတို့၊ အပူအအေးခွက်တွေကိုကိုင်နိုင်တာတို့ ပြုလုပ်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။

ဒီလက်အတုမှာပါတဲ့ အရေပြားလိုအလွှာ (Electronic Smart Skin) ဟာ Crystalline Silicon Nano Ribbon Sensors နဲ့ပြုလုပ်ထားပြီး ဒီကနေတစ်ဆင့် Platinum Electrodes တွေက ကိုယ်ခန္ဓာရဲ့ အာရုံကြောတွေကို ပို့ပေးနိုင်အောင် ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ ဒီလက်အတုကိုကိုင်လိုက်ရင် သာမန်လက်တစ်ခုရဲ့ အပူချိန်လောက်ပဲရှိတယ်လို့ ဆိုပါတယ်။ ဒီလိုတိုးတက်လာမှုဟာ သာမန်လူတစ်ယောက်ရဲ့လက်လို အာရုံအားလုံးကို ထိတွေ့ခံစားနိုင်ဖို့ အလွန်နီးစပ်လာပြီဆိုတာ သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

**ကူးစက်မြန်ကြက်ငှက်တုပ်ကွေး**

ကြက်ငှက်တုပ်ကွေးရောဂါဟာ ကြက်တွေငှက်တွေကနေပြီး လူတွေကိုကူးစက်နိုင်တဲ့ရောဂါတစ်ခုဆိုတာ လူတိုင်းသိရှိပြီးဖြစ်ပါတယ်။ အများအားဖြင့် ဒီရောဂါဟာ Bird Flu Virus H5N1 ကူးစက်ပြီး ဖြစ်ရတာပါ။ ယခုအခါ H5N8 လို့ အမည်ပေးထားတဲ့ ကူးစက်မှု အလွန်မြန်ဆန်တဲ့ ဗိုင်းရပ်စ် တစ်မျိုးကိုလည်း ထပ်တွေ့ခဲ့ပြန်ပါတယ်။ ဒီလိုတွေ့ရတဲ့နိုင်ငံကတော့ **နယ်သာလန်**နိုင်ငံဖြစ်ပြီး ဒီနိုင်ငံရဲ့ Hekendorp ခေါ်တဲ့ရွာက မွေးမြူရေးခြံတစ်ခုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီခြံနှင့် ၁၀ မိုင်ဝန်းကျင်မှာရှိတဲ့ ကြက်ဘဲပေါင်း တစ်သိန်းငါးသောင်းကျော်ကို ဖျက်ဆီးလိုက်ရပါတယ်။ နောက်ပြီး ဒီပတ်ဝန်းကျင်ကထွက်တဲ့ ကြက်ငှက်လုပ်ငန်းကရတဲ့ ထုတ်ကုန်အားလုံးကိုလည်း တစ်လတိတိပိတ်ပင်လိုက်ပါတယ်။ နယ်သာလန်နိုင်ငံဟာ ကြက်ပေါင်းခြောက်ကုဋေ (6Billions) နှစ်စဉ်တင်ပို့နေရတဲ့ နိုင်ငံဖြစ်ပြီး ဥရောပမှာ အကြီးဆုံးကြက်ငှက်လုပ်ငန်းကထွက်ကုန်တွေ ပို့နေရတဲ့နိုင်ငံပါ။ ဒီ H5N8 Strain ပါတဲ့ Bird Flu ကို ပထမဦးဆုံး တောင်ကိုရီးယားနိုင်ငံမှာ ၂၀၁၄ နှစ်ကုန်ပိုင်းလောက်မှာတွေ့ခဲ့ရပြီး တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံမှာလည်း အနည်းငယ်တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ ဥရောပနိုင်ငံတွေထဲမှာတော့ ဂျာမနီနိုင်ငံမှာ အရင်ဆုံးတွေ့ခဲ့ရပြီး ယခုနယ်သာလန်နိုင်ငံမှာ တွေ့ရတာလို့ဆိုပါတယ်။ လူတွေကိုတော့ ကူးစက်တာမတွေ့ရသေးပေမယ့် တကယ်ကူးစက်လာရင်လည်း ထိန်းမရအောင်မြန်ဆန်တဲ့ ကြက်ငှက်တုပ်ကွေးမျိုးဖြစ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီကြက်ငှက်တုပ်ကွေးဖြစ်စေတဲ့ဗိုင်းရပ်စ် ပိုးတွေဟာ တစ်မျိုးနှင့်တစ်မျိုး (Strain) ပေါင်းစပ်ပြီး အစွမ်းထက်တဲ့အသွင်မျိုးဖြစ်လာနိုင်တာကြောင့် အထိန်းရခက်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ကင်ဆာဝေဒနာအတွက် အသုံးများလာတဲ့ဆေး**

ဟိုတစ်ပတ်က ဆေးပညာသတင်းထဲမှာ Avastiim ဆိုတဲ့သွေးကြောအသစ်လေးတွေပေါ်လာတာကို ဟန့်တားနိုင်တဲ့ဆေးကို ပြန့်နေတဲ့ သားအိမ်ခေါင်းကင်ဆာရောဂါကုသရာမှာ Radiotherapy ခေါ် ဓာတ်ကင်ကုသနည်းနဲ့ ပေါင်းစပ်ကုသနိုင်ကြောင်း တင်ပြခဲ့ပါတယ်။ အခုနောက်ဆက်တွဲသိရတဲ့သတင်းတွေအရ ဒီဆေးဟာ အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ရင်သားကင်ဆာ၊ သားဥကင်ဆာ (Ovarian Cancer)ရောဂါတွေမှာ ကင်ဆာအဆိပ်ဖြေဆေး (Chemo Therapy)နှင့် မထိန်းနိုင်သူတွေမှာ ပူးတွဲကုသနိုင်တယ်လို့ သိရပါတယ်။ ဒါ့အပြင် အူမကြီးနှင့် မစင်အိမ်ကင်ဆာ (Colorcetal Cancer) အဆုတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာရောဂါတွေမှာလည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီဖြစ်ပါတယ်။ ဒီဆေးဟာ ကင်ဆာအလုံးအကျိတ်မှာ သွေးကြောသစ်တွေပေါ်လာတာကို ဟန့်တားနိုင်တဲ့အာနိသင်ရှိတာကြောင့် သွေးကရမယ့် အာဟာရဓာတ်ကို ကင်ဆာကျိတ်တွေက မရနိုင်တော့တာကြောင့် ကင်ဆာ ကြီးထွားလာမှုကို တားနိုင်တယ်လို့ဆိုပါတယ်။ ဒီဆေးကို ဆွစ်နိုင်ငံက နာမည်ကြီး Roche ကုမ္ပဏီက ထုတ်လုပ်ခဲ့တာဖြစ်ပြီး ဒီဆေးကို ကင်ဆာဝေဒနာရှင်တွေအသုံးများလာတာကြောင့် လွန်ခဲ့တဲ့ ၂၀၁၄ တစ်နှစ်တည်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၅ ဘီလီယံဖိုး ရောင်းခဲ့ရကြောင်း တင်ပြလိုက်ရပါတယ်။

**ဆီးချိုရောဂါရှင်များအတွက် အကြံပြုချက်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆီးချိုရောဂါရှင်တွေအတွက် ဘယ်လိုနေထိုင် စားသောက်သင့်တယ်ဆိုတဲ့ အကြံပြုချက်ပါ။ ဒီအကြံပြုချက်ကိုတော့ ဟားဗတ်ဆေးကျောင်း မှာရှိတဲ့ Diabetes သုတေသနဌာနက ဖော်ပြထားတာဖြစ်ပါတယ်။

(၁) ဆီးချိုရောဂါရှင်တစ်ယောက်ဟာ အဆီဓာတ်ကိုလျှော့ပြီး Fibre (အမျှင်)ဓာတ် များများပါဝင်တဲ့အစာကို စားသင့်တယ်လို့ဆိုပါတယ်။ ရာနှုန်းနဲ့ပြောရင် အဆီဓာတ် ၁၅ ရာခိုင်နှုန်း အသားဓာတ် ၁၅ ရာခိုင်နှုန်းနှင့် ကာဗိုဟိုက်ဒရိတ် ၇၀ ရာခိုင်နှုန်း ပါသင့်တယ်လို့ဆိုပါတယ်။ ကာဗိုဟိုက်ဒရိတ် ၇၀ ရာခိုင်နှုန်းကို များသောအားဖြင့် အမျှင်ဓာတ်များများပါတဲ့ အသီးအနှံတွေကိုစားသုံးပြီး ရသင့်တယ်လို့ဆိုပါတယ်။ ဆီးချိုရောဂါရှင် တစ်ဦးဟာ နံနက်စာကို နည်းနည်းပိုစားပြီး နေ့လည်နှင့် ညနေစာကို လျှော့စားခြင်းဟာ ဆီးချိုကိုပိုထိန်းနိုင်တယ်လို့လည်း ဆိုပါတယ်။

(၂) နောက်တစ်ချက်အနေနဲ့ ဗီတာမင်လိုအပ်ချက်တွေကိုလည်း အသီးအနှံတွေကသာ ပိုရယူသင့်ပြီး ဗီတာမင်ဆေးပြားကို အားထားပြီး မနေသင့်ဘူးလို့ အကြံပြုထားပါတယ်။ ဘာကြောင့်လည်းဆိုရင် ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့ Antioxidant အဆိပ်ဖြေမှုမှာ အရေးပါတဲ့ Antioxidant activating Enzymes ဟာ ဗီတာမင်ဆေးပြားတွေက မရနိုင်ဘဲ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက် အသီးအနှံတွေကသာရနိုင်တာကြောင့်လို့ ဆိုပါတယ်။

(၃) နောက်တစ်ချက်အနေနဲ့ ဆီးချိုဝေဒနာရှင်တွေဟာ တစ်နေ့ကို အနည်းဆုံး ၆ နာရီကနေ ၈ နာရီထိ အိပ်သင့်တယ်လို့ ဆိုပါတယ်။ အင်္ဂလန်နိုင်ငံ War wick ဆေးတက္ကသိုလ်ရဲ့ လေ့လာချက်တစ်ခုမှာ တစ်နေ့မှာ ၅ နာရီထက်လျှော့ပြီး အိပ်တဲ့လူက ၆ နာရီထက်ပိုအိပ်သူတွေထက် ၂၈ ရာခိုင်နှုန်း ဆီးချိုပိုဖြစ်နိုင်တာ တွေ့ရတယ်လို့ ဆိုပါတယ်။

(၄) ဆီးချိုဝေဒနာရှင်တွေဟာ စိတ်ဖိစီးမှုမရှိအောင်နေသင့်တယ်လို့ ဆိုပါတယ်။ စိတ်ဖိစီးမှု (Stress) ရှိသူမှာ Cortisone Hormone ဓာတ်နှင့် ရောင်ရမ်းမှုကိုဖြစ်စေတဲ့ Inflammatory Enzyme Cytokinase ပိုထွက်တာကြောင့် ဆီးချိုရောဂါကို ပိုဆိုးစေတယ်လို့ ဆိုပါတယ်။

(၅) ဆီးချိုရောဂါရှင်တွေဟာ နေ့စဉ် မိနစ် ၂၀ သို့မဟုတ် ၃၀ ခန့် လေ့ကျင့်ခန်းပြုလုပ်သင့်တယ်။ တစ်ချို့က တစ်ပတ်မှာနှစ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့တွေလောက်မှာ ၁ နာရီ ၂ နာရီ ဆက်တိုက်ပြုလုပ်ခြင်းဟာ မသင့်တော်ကြောင်း ထောက်ပြထားပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းကိုလည်း အအေးဓာတ်ရှိတဲ့နေရာမှာသာ ပြုလုပ်သင့်ပြီး ပူပြင်းတဲ့နေရာတွေမှာ မလုပ်သင့်ဘူးလို့ ဆိုပါတယ်။

ဒါကတော့ ဆီးချိုဝေဒနာရှင်တွေ ဘယ်လိုနေထိုင်သင့်တယ်ဆိုတဲ့ ဟားဗတ်တက္ကသိုလ်ရဲ့ အကြံပြုချက်ကိုတင်ပြရင်း ဒီတစ်ပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။

## လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအမိုးများပျက်စီး



**တပ်ကုန်း မတ် ၂၈**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မတ် ၂၅ ရက်ညနေ ၅ နာရီ ၁၅ မိနစ်က အခါမဟုတ် မိုးနှင့်လေပြင်းတိုက်ခတ်သောကြောင့် သဖန်းချောင်း ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာ၊ ကန်းနီကျေးရွာနှင့် လယ်ဇပင်ကျေးရွာအုပ်စု ဖက်သန်းတောင်စသည့်ကျေးရွာများရှိ ဘုန်းတော်ကြီးသင်ကျောင်းနှင့် လူနေအိမ်များ၊ စာသင်ကျောင်းများ အမိုးလန်ပျက်စီးလျက်ရှိကြောင်း သိရသည်။

သဖန်းချောင်းကျေးရွာအုပ်စုတွင် လူနေအိမ် ၁၂၉ လုံး၊ ဘုန်းတော်ကြီးသင်ကျောင်းတစ်ကျောင်း၊ မူလတန်းလွန်ကျောင်းတစ်ကျောင်း၊ လယ်ဇပင်ကျေးရွာအုပ်စု၊ ဖက်သန်းတောင်ကျေးရွာတွင် လူနေအိမ် ၁၆ လုံး၊ အလယ်တန်းကျောင်းစသည်တို့ အမိုးလန်ပျက်စီးမှုကို နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေနှင့် ဦးဖုန်းဇော်ဟန်တို့အဖွဲ့သည် မတ် ၂၆ ရက်က ယင်းကျေးရွာများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းကာ ပျက်စီးဆုံးရှုံးမှုများအပေါ် အမြန်ပြုပြင်နိုင်ရေး ကူညီပံ့ပိုးရေးကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၁၇)

## ကလေးငယ်များအတွက် မူကြိုကျောင်းဖွင့်

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) မှ ဥက္ကဋ္ဌတွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မတ် ၂၅ရက် နံနက်၁၀ နာရီခွဲက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သဝေါသော(ရွာသစ်)ကျေးရွာ မူကြိုကျောင်းအား ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာလူကြီးများ၊ ဆရာ/ဆရာမများနှင့် အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မူကြိုကျောင်းသား/သူ ကလေးများအား အရုပ်နှင့် ကစားစရာမျိုးစုံ၊ စာရေးကိရိယာများ၊ မုန့်များပေးအပ်လှူဒါန်းခဲ့ပြီးအသင်းဥက္ကဋ္ဌက ကျေးရွာရှိ ကျောင်းသား/သူ မိဘများအား မူကြိုကျောင်းနှင့်ပတ်သက်၍ ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ မူကြိုကလေးငယ်များအတွက် လိုအပ်သောအိပ်ရာ၊ စောင်၊ ခေါင်းအုံးထားရှိရန်နှင့် သန့်စင်ခန်းဆောက်လုပ်ပေးရန် ကိစ္စများအားဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါမူကြိုကျောင်းအား ကျေးရွာအတွင်းရှိကလေးငယ်များ ပညာရေးမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ငွေကျပ် (၃၄၀၀၀၀၀) အကုန်အကျခံဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ် ကျောင်းတိုက်အတွင်း၌ ပျိုးဥယျာဉ်ဆရာတော် အရှင်ဝါယာမသီဟမှ နွေရာသီကလေးများအတွက် ယဉ်ကျေးမှုသင်တန်းများ၊ ကွန်ပျူတာသင်တန်းများနှင့် ကိုရီးယား၊ ဂျပန်၊ အင်္ဂလိပ်စသော နိုင်ငံခြားဘာသာ စကားပြောသင်တန်းများကို မတ် ၂၇ ရက်မှ မေ ၁၂ ရက်အထိ နံနက် ၆ နာရီမှ ည ၉ နာရီထိ ၄၅ ရက် (အခမဲ့) သင်ကြားပို့ချရာ သင်တန်းသားများကို တွေ့ရစဉ်။** (လ/၀၃၆)

## တောင်သူများအား သီးနှံနှင့်မြေယာလျော်ကြေးပေးအပ်

**မအူပင် မတ် ၂၈**

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် နည်းပညာတက္ကသိုလ် (မအူပင်)နှင့် မအူပင်(တောင်) ရေနံအစမ်းတွင်းအမှတ်(၁၁)တို့၏ တောင်သူများအား သီးနှံမြေယာ လျော်ကြေးပေးခြင်း အခမ်းအနားကို မတ် ၂၆ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မအူပင် နည်းပညာတက္ကသိုလ်အနေဖြင့် အောင်ဟိတ် ကျေးရွာအုပ်စုတွင် ကျောင်းဆောက်လုပ်စဉ်က ကွင်းအမှတ် ၈၃၃ တောင်သူ ၂၆ ဦးပိုင်လယ်မြေ ၅၀ ဒသမ ၁၄ ဧကသိမ်းယူသည့်အတွက် နစ်နာကြေးငွေအဖြစ် သီးနှံတစ်ဧကလျှင် ငွေကျပ် ၂၆၀၀၀၀နှုန်း၊ မြေယာတစ်ဧကလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် တောင်သူနှစ်ဦးအတွက် စုစုပေါင်းငွေကျပ် သုံးရာရှစ်ဆယ့်တစ်သိန်း ခြောက်ထောင်လေးရာကျပ်ကို တောင်သူတစ်ဦးချင်း ပိုင်ဆိုင်မှုအတိုင်း လျော်ကြေးငွေကို နည်းပညာတက္ကသိုလ်(မအူပင်)ကျောင်းအုပ်ကြီး ဒေါက်တာ အောင်ဇော်လတ်က ပေးအပ်ခဲ့သည်။

ဆက်လက်၍ မအူပင်(တောင်) ရေနံအစမ်းတွင်း အမှတ်(၁၁)မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖော်ထုတ်ရန် တောင်သူများထံမှ သိမ်းယူသည့် မြေယာနှင့်သီးနှံအတွက် လျော်ကြေးငွေကို မအူပင်(တောင်) ရေနံအစမ်းတွင်း အထွေထွေမန်နေဂျာ ဦးရဲမြင့်က လုပ်ငန်းခွင်ဆောင်ရွက်သည့် ပိန်းချောင်းကျေးရွာနှင့် ကျီးချောင်းကျေးရွာမှ တောင်သူကိုးဦးပိုင် ၁၁ ဒသမ ၅၆ ဧကအတွက် ငွေကျပ် သိန်း ၇၀၇ ဒသမ ၀၈၆၀၀ ကို တောင်သူတစ်ဦးချင်း လက်ဝယ်သို့ ပေးလျော်ခဲ့ကြောင်း သိရသည်။

**အောင်ခိုင်**

ပြည်တွင်းသတင်း

# အမျိုးသားအားကစားအဆင့်အတန်းမြင့်မားရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ရည်မှန်းချက်အောင်မြင်ရန် ဆောင်ရွက်လျက်ရှိ





**ပုသိမ် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက် ၇ နာရီတွင် မြောင်းမြမြို့နယ်ဘောလုံး အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားကာ သင်တန်းကိုဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကို အကျိုးရှိရှိ အသုံးချတတ်စေရေးနှင့် အခြေခံအားကစားနည်းတစ်ရပ်ရပ်ကို လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသော၊ နိုင်ငံတော်မှအားကိုးအားထားရမည့် နိုင်ငံ့သားကောင်း၊ လူကောင်း၊ လူတော်များ၊ အားကစားသမားကောင်းများဖြစ်ပေါ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်အနေနှင့် အမျိုးသားအားကစား အဆင့်အတန်းမြင့်မားလာစေရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ရည်မှန်းချက်များအောင်မြင်ရန် အားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းအပါအဝင်တစ်နိုင်ငံလုံးမှ ဖွင့်လှစ်သည့် နွေရာသီအားကစား သင်တန်းများကြောင့် ထူးချွန်သောရွက်ပုန်းသီး အားကစားသမားများထွက်ပေါ်လာခြင်းဖြင့် မြန်မာအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည် ဖြစ်ကြောင်း ပြောကြားကာ သင်တန်းကိုဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်သော မြောင်းမြမြို့နယ် နွေရာသီ အားကစားသင်တန်းကို အားကစားနည်း(၁၂)မျိုးဖြင့်သင်ကြားပြီး သင်တန်းသား/သင်တန်းသူ ၄၈၉ ဦး တက်ရောက်ကြောင်းသိရှိရသည်။ အဆိုပါအားကစားနည်း(၁၂)မျိုးမှာ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ အလေးမ၊ ဘော်လီဘော၊ လက်ဝှေ့၊ ကြက်တောင်၊ ဘောလုံး၊ ရိုးရာခြင်းလုံးနှင့် အေရိုးဗစ်တို့ ဖြစ်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြခရိုင် မြောင်းမြမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် မြောင်းမြခရိုင်ပြည်သူ့ဆေးရုံ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်နေမှုနှင့် ဆေးရုံ၏ ကျန်းမာရေးဖောင်ဒေးရှင်း စတင်တည်ထောင်ထားရှိနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ် အ-ထ-က (၇)ကွယ်လွယ်ကျောင်းသို့ရောက်ရှိကာ ကျောင်းသား၊ ဆရာ၊ မိဘများနှင့် တွေ့ဆုံ၍ ကျောင်းတိုးတက်ရာတိုးတက်ကြောင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ACE ဆောက်လုပ်ရေးကုမ္ပဏီမှ လှူဒါန်းသော မြောင်းမြမြို့နယ်(ကွယ်လွယ်) မြစန္ဒာရပ်ကွက်နှင့် စက္ကော့ကျေးရွာချင်းဆက်တံတားဆောက်လုပ်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး စက္ကော့ကျေးရွာအ-မ-ကကျောင်းအတွက် အလှူငွေ ကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဦးဇော်မိုးဝင်းက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းကျေးရွာ အ-မ-က(၃) စာသင် ကျောင်းသို့ ရောက်ရှိပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ မိဘများနှင့်တွေ့ဆုံဆွေးနွေးကြပြီး ကျောင်းအတွက် အလှူငွေ ကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဦးဇော်မိုးဝင်းက ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက လက်ခံရယူကြောင်း သိရသည်။

**(သတင်းစဉ်)**



# ငှက်ပျောတော-ကျောက်တိုင် ဆက်သွယ်တံတားတည်ဆောက်

**ကြံခင်း မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကွေ့မကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာနှင့် ကြံတောကျေးရွာအုပ်စု ကျောက်တိုင်ကျေးရွာတို့ကို ဆက်သွယ်သော ဖားတစ်ရှဉ်းချောင်းကူးတံတား ဆောက်လုပ်နေမှုကို မတ် ၂၈ ရက်က ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားမှာ အရှည်ပေ ၂၆၀၊ အမြင့်ပေ ၃၂၊ အကျယ် ၁၂ ပေရှိ အောက်ခံသံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မ၊ သစ်သားခင်းတံတားအမျိုးအစား ဖြစ်သည်။

**ဝင်းဗိုလ်**

# တတိယအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် ကူမင်း သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် မတ် ၂၈**

တတိယအကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် ကူမင်း သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲ (3rd China-South Asia Expo & 23 rd China Kunming Import and Export Fair ) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဇွန်လ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် China Council For The Promotion of International Trade Yunnan Sub- Council (CCPIT) မှ ကြီးမှူး၍ သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များ ဖိတ်ကြားကာ ယူနန်ပြည်နယ် ကူမင်းမြို့၌ မတ် ၁၆ ရက်တွင် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

ယခုနှစ် ကျင်းပမည့် ပြပွဲကို အသစ် ဆောက်လုပ်ပြီးဖြစ်သည့် Kunming Dianchi International Convention & Exhibition Center ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာပြသသူလုပ်ငန်းရှင်များ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ဖိတ်စာများကို အချိန်မီပေးပို့မည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပြသမည့် ကုမ္ပဏီများစာရင်းကို သတ်မှတ်ရက်အမီ ပေးပို့ပေးရန် ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲသို့ တက်ရောက်ရန်နှင့် ပါဝင်ပြသရန် စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း -၀၆၇-၄၃၀-၁၂၈၊ ၀၆၇-၄၃၀၂၉၀၊ Fax; ၀၆၇-၄၃၀၁၃၈၊ Email; moctradefair @gmail.com၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ဖုန်း- ၀၁-၂၅၄၀၂၄၊ Fax; ၀၁-၂၅၄၀၂၃၊ Email; itpic.moc @gmail. com၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ ဖုန်း -၀၉၅-၁-၂၁၄၃၄၄~၉၊ Fax ; ၀၉၅-၁-၂၁၄၄၈၄၊ Email: servi -ces.umfcci@gmail.comနှင့် သမဝါယမဦးစီးဌာန၊ဖုန်း-၀၆၇-၄၁၀၃၄၁၊ Email: coopdeptdg @gmail. com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီးကြွင်းမီးကျန်မှ နေအိမ်တစ်လုံး မီးလောင်ခံရ

**မိုးညှင်း မတ် ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မရပ်ကွက် အိမ်အမှတ် (မမ/၃၆) ဦးထွန်းကြည် နေအိမ် ပေ (၂၀× ၃၀) သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ်တွင် မတ် ၂၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ထရံသို့ကူးစက်ကာ တစ်အိမ်လုံးမီးလောင်ခံရပြီး ငွေကျပ်လေးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

မြို့နယ် မီးသတ်တပ်ဖွဲ့ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ်ခြောက်စီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ စုစုပေါင်း ၁၄၀ ကျော်တို့က အခြားသို့ကူးစက်ခြင်းမဖြစ်စေရန် ကာကွယ်ခြင်းနှင့် မီးလောင်နေအိမ်အား ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

**(၀၆၃)**

**အထက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်**

**မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။**

● *ကျော်ဖုံးမှ*

ငွေရောင်ရပ် ၂၀× ၂၁ လမ်း၊ ၈၂×၈၃ လမ်းကြား ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ၌ လေဆိပ်ဝင်ခွင့် မီဒီယာကတ်များ လာရောက်ထုတ်ယူနိုင်ပြီး မတ် ၃၀ ရက်နံနက် ၂ နာရီတွင် မန္တလေးဘူတာကြီးစုရပ်မှ ကြို/ပို့ယာဉ် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

Solar Impluse Team အဖွဲ့ဝင် တစ်ဦးက "Solar လေယာဉ် ကမ္ဘာတစ်ပတ် ခရီးစဉ်ဆက်လက် ပျံသန်းနိုင်ဖို့အတွက် ပျံသန်းရာ လမ်းကြောင်း တစ်လျှောက်မှာရှိတဲ့ မြန်မာနိုင်ငံက ရာသီဥတုအခြေအနေတွေနဲ့ တရုတ်နိုင်ငံရဲ့ ရာသီဥတုအခြေအနေတွေကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ရရှိလာတဲ့ ရာသီဥတု ခန့်မှန်းချက်တွေအပေါ် မူတည်ပြီး မြန်မာနိုင်ငံကနေ ဆက်လက်ပျံသန်းဖို့ ပြင်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ် "ဟုပြောသည်။

**မင်းမင်းဇော် (ကလေး)**

**နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**

※ *ကျော်ဖုံးမှ*

ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့သော်လည်း ယခုခြေစစ်ပွဲတွင် ပွဲဦးထွက်ပွဲ၌ ခြေစွမ်းပြနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် မတ် ၃၁ ရက်တွင် ဩစတြေးလျအသင်းနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်း၌ ဩစတြေးလျအသင်းပါဝင်နေသောကြောင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရအသင်းဖြစ်သာ ခြေစစ်ပွဲအောင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

## ပြည်တွင်းသတင်း

❍ ရှေ့ဖုံးမှ

စိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဆေးကုသဆောင် (၁၀)ထပ်ဆောင်သစ် အစည်းအဝေးခန်းမ၌ ဒုတိယသမ္မတနှင့်အဖွဲ့အား ဒေါက်တာမောင်ဝင်းက ဆေးကုသဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က နိုင်ငံတော်မှ ပံ့ပိုးပေးသည့် ကုသရေးဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်အသုံးပြုမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးကုသဆောင်သစ် တာဝန်ယူဆောက်လုပ်ခဲ့သည့် ကုမ္ပဏီတာဝန်ရှိသူများက (၁၀)ထပ်အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသစ်လက်ထက်၌ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများ၌ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးဟူသည့် ကဏ္ဍလေးရပ်ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာများကို ပိုမိုကျခံသုံးစွဲလျက် ရှိနေပါကြောင်း၊ ယခုကဲ့သို့ စေတနာရှင် အလှူရှင်များ၏ ဒါနစွမ်းအားဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် (၁၀)ထပ်ဆေးကုသဆောင်သစ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဒုတိယသမ္မတက အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဆေးကုသဆောင်သစ်အတွင်း တပ်ဆင်ထားသည့် ကုသရေးဆိုင်ရာ ခေတ်မီစက်ကိရိယာများနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးရာ မန္တလေးအထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်မိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကို ၁၉၂၅ ခုနှစ်တွင် ခုတင် ၂၅၀ ဆံ့ မြူနီစီပယ်ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ခုတင် ၃၅၀ ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် ခုတင် ၈၀၀ ဆံ့ ဆေးရုံကြီးအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ် မတ် ၁၃ ရက်တွင် ခုတင် ၁၀၀၀ ဆေးရုံကြီးအဖြစ် လည်းကောင်း အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်သည့် (၁၀)ထပ်ဆောင်သစ်သည် RCC အမျိုးအစားဖြစ်ပြီး အလျား ၁၉၂ ပေ၊ အနံ ၆၄ ပေရှိကာ နိုင်ငံတော်နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သန်း ၃၅၀၀ ခန့်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ (၁၀)ထပ်ဆောင်သစ်တွင် မြေညီထပ်၌ ခုတင် ၄၅၀ နှင့် အဏုမြူဓာတ်ရောင်ခြည်ကုဌာန၊ ပထမထပ်တွင် ဆေးကုသဆောင် (၂)၊ ဒုတိယထပ်တွင် အစာအိမ်နှင့်အူလမ်းကြောင်း ရောဂါကုဌာန၊ တတိယထပ်တွင် အထူးသီးသန့်ခန်းများ၊ စတုတ္ထထပ်တွင် အထူးသီးသန့်ခန်းများ၊ ပဉ္စမထပ်တွင် ဆေးကုသဆောင်(၁)၊ ဆဋ္ဌမထပ်တွင် ကျောက်ကပ်ရောဂါဆေးကုသဆောင်၊ သတ္တမထပ်တွင် အထူးသီးသန့်လူနာခန်း၊ အဋ္ဌမထပ်တွင် သင်ကြားရေးအစည်းအဝေးခန်းမနှင့် မြေညီထပ်တွင် ယာဉ်ရပ်နားရာနေရာတို့ ပါဝင်သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန်းတောင်ရိပ် အထွေထွေရောဂါကုဆေးကုသဆောင်(၁၀)ထပ်ဆောင်သစ် လူနာဆောင်၌ ဆေးကုသခံလူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတသည် မန္တလေးဆေးတက္ကသိုလ် အောင်ပင်လယ်ခန်းမ၌ မန္တလေးဆေးတက္ကသိုလ်၊ သွားနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေး တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဌာနအသီးသီးမှ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ် (မန္တလေး) ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ခင်မောင်လွင်က ဆေးတက္ကသိုလ်(မန္တလေး)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ဆေးတက္ကသိုလ်(မန္တလေး)နှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ် (မန္တလေး)၌ သင်ကြားရေးအဆောက်အအုံများကို နိုင်ငံတကာအဆင့်မီ အထပ်မြင့် အဆောက်အအုံများအဖြစ် ဆောက်လုပ်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ သင်ထောက်ကူပစ္စည်းများနှင့် အရည်အချင်း ပြည့်ဝသည့် ဆရာ ဆရာမများအား ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍ မြှင့်တင်မှုအနေဖြင့် ရာနှုန်းပြည့် ခန့်ထားခွင့်ပြုခဲ့ပါကြောင်း၊ သင်ထောက်ကူပစ္စည်းများ ပိုမိုပြည့်စုံရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအား အရည်အချင်း အရည်အသွေးပြည့်ဝသည့် ကျောင်းသူ၊ ကျောင်းသားများဖြစ်စေရန် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ၊ လျှပ်စစ်မီး၊ ရေများ ကောင်းမွန်လုံလောက်စွာ ရရှိရေး၊ ဝန်ထမ်းများ၏ လူမှုစီးပွားပြည့်စုံရေးသည် ကျန်းမာရေးကဏ္ဍမြှင့်တင်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်မည် ဖြစ်ပါကြောင်း၊ အရေအတွက်နှင့် အရည်အချင်းများပါပြည့်ဝရန် နိုင်ငံတော်မှ တတ်အားသရွေ့ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)ကို နိုင်ငံတကာအဆင့်မီဖြစ်စေရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဆေးတက္ကသိုလ် (မန္တလေး)နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးတက္ကသိုလ် (မန္တလေး)ရှိ ဇီဝကစာသင်ဆောင်၊ ပင်မဆောင်နှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

## စက်မှုဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၈**

စက်မှုဝန်ထမ်းဟောင်းများ အသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် စက်မှုမေ့ရုံ၌ ကျင်းပရာ အစည်းအဝေးတွင် စက်မှုဝန်ထမ်းဟောင်းများ အသင်းနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် စက်မှုဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ဒုတိယဝန်ကြီး(ငြိမ်း) ဦးခင်မောင်ကျော်တို့က စက်မှုဝန်ထမ်းဟောင်းများအသင်း၏ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အလှူရှင်ကုမ္ပဏီ၊ အဖွဲ့အစည်း ၂၀ တို့က ငွေကျပ် ၃၂၃ သိန်း လှူဒါန်းရာ စက်မှုဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လက်ခံကြသည်။

စက်မှုဝန်ထမ်းဟောင်းများ အသင်းကို ၂၀၁၄ ခုနှစ် မတ် ၅ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အထိ အသင်းသား ၅၁၈၆ ဦးတို့၏ သာရေး၊ နာရေး၊ လူမှုရေး၊ ကိစ္စများအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ နှစ်နိုင်ငံ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လပေါင်း ၂၀ ကျော်ကြာ တည်ဆောက်ခဲ့ရာမှ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးကာ လာမည့်မေလ၌ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ-လာအို တံတားအရှည်သည် ၆၉၁ မီတာရှိပြီး အကျယ် ၁၀ ဒသမ ၉ မီတာရှိကာ နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားတစ်ဖက်တစ်ချက်တွင် အကျယ် ၁ ဒသမ ၂ မီတာရှိသော လူသွားလမ်းထည့်သွင်းတည်ဆောက်ထားသဖြင့် နှစ်လမ်းသွားကားလမ်းအကျယ်မှာ ၈ ဒသမ ၅ မီတာ ရှိသည်။

မြန်မာ-လာအို တံတားအားတန် ၇၀ ရှိ ၁၀ ဘီး ကုန်တင်ကားကြီးများ ဖြတ်သန်းမောင်းနှင်နိုင်အောင် ဒီဇိုင်းထုတ်တည်ဆောက်ထားခြင်းဖြစ်ပြီးလျှင်အား (၇)ရစ်ချ်တာစကေးအထိ ခံနိုင်ရည်ရှိအောင် တွက်ချက် တည်ဆောက်ထားခြင်းဖြစ်သည်။ မြန်မာ-လာအို တံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၂၆ သန်း ခန့် ကုန်ကျကြောင်းသိရသည်။

မြန်မာ-လာအိုတံတားကို နှစ်နိုင်ငံအစိုးရက ငွေကြေးကုန်ကျခံကာ တည်ဆောက်ခြင်းဖြစ်ပြီး တံတားကြောင့် နှစ်နိုင်ငံပြည်သူများ ကူးသန်းသွားလာမှု၊ ရင်းနှီးခွေးထွေးမှု၊ ကုန်စည်သယ်ဆောင်မှု၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမှုများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလာမည်ဖြစ်သည်။

မြန်မာ-လာအို တံတားမှတစ်ဆင့် နှစ်နိုင်ငံအိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်စပ်သွားလာကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ကာ ဒေသတွင်းအကျိုးစီးပွားဖြစ်ထွန်းမှုကိုလည်း အထောက်အကူပြုမည့် တံတားလည်းဖြစ်သည်။

**(မြန်မာ့အလင်း)**

## ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၈**

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) တွင် အလုံမြို့နယ် သခင်မြပန်းခြံလမ်းရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းခန်းမ၌ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ဦးဟန်ဝင်းလှိုင်ရုံးအဖွဲ့မှူး ဖုန်း-၀၉-၇၉၉၆၆၅၀၇၁၊ ဦးမိုးကျော် အတွင်းရေးမှူး ဖုန်း-၀၉-၅၁၅၄၅၇၄၊ ဖုန်း-၀၁-၉၀၁၀၅၄၉ နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၀၈၁၃၄၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဝါဏိဇ္ဇဘွဲ့ရအသင်း၏ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကို လစဉ်ပြုလုပ်လျက်ရှိရာ ယခုတစ်ဖန် ဒေါက်တာသန်းညွှန့်၊ ပါမောက္ခချုပ် (ငြိမ်း) ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ “စာရင်းကိုင်ပညာသဘောတရားများ၏ ဘောဂဗေဒအခြေခံများ” ခေါင်းစဉ်ဖြင့် ဟောပြောသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ် လွိုင်ကော်တွင်ကျင်းပ

**လွိုင်ကော် မတ် ၂၈**

Myanmar Peace Center က ကြီးမှူးကျင်းပသည့် လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ဦးခူးဦးရယ်တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်မောင်မယ်များက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဦးသန်းဌေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကယားပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒေသအခြေပြုလူမှုရေးအဖွဲ့အစည်းများမှ လူငယ်မောင်မယ်များ တက်ရောက်ကြပြီး အဆိုပါလူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကို မတ် ၂၅ ရက်မှ ၂၈ ရက်အထိ လွိုင်ကော်မြို့တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**







# ပျဉ်းမနားမြို့နယ် မဲဇလီကုန်းကျေးရွာအနီး တစ်နေ့တန်(၂၀၀)ကျ ဆန်စက်တည်ဆောက်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် မဲဇလီကုန်းကျေးရွာအနီးရှိ မြန်မာ့လယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီ (MAPCO)၏ တစ်နေ့တန် (၂၀၀)ကျ ခေတ်မီ ဆန်စက်တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် တောင်သူလယ်သမားများအား ဝန်ဆောင်မှုပေးရန် အသင့်ဖြစ်နေသောခေတ်မီလယ်ထွန်စက်ကြီးများ၊ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများကို ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် အလျင်လိုကျေးရွာအနီးရှိ တဆက်တစပ်တည်း ပုလဲသွယ်စပ်မျိုးစပါး F-1 (၃၄၄) ဧကမျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိကာ တောင်သူလယ်သမားများနှင့် စိုက်ခင်းများအတွင်း ကြည့်ရှုလေ့လာကြပြီး မျိုးစေ့ထုတ်လုပ်ငန်းများ၏ အရေးပါမှုနှင့် မျိုးကောင်း မျိုးသန့်မျိုးစေ့များ သုံးစွဲခြင်းအားဖြင့် တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက်စေခြင်း အကျိုးကျေးဇူးများကို လက်တွေ့ခံစားရရှိနိုင်မှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများက စိုက်ကွင်းများအတွင်း အပြန်အလှန်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာ၌ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံစိုက်ပျိုးကြသော ကျေးလက်နေ တောင်သူလယ်သမားမိသားစုများ၏ လူနေမှုဘဝတိုးတက် မြင့်မားရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးတို့အတွက် တိုက်ရိုက်ဆက်နွယ်လျက်ရှိကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရပိုင်းမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား ဘက်ပေါင်းစုံမှ တစ်ခဲနက် ကူညီအားပေးရိုင်းပင်းနေမှုအပေါ်တွင် တောင်သူလယ်သမားများ၏ မိသားစုတစ်စုချင်းစီမှ ကိုယ်တိုင်တိုးတက်ကြီးပွားလိုစိတ်နှင့်ကိုယ်တိုင်ကာယကံမြောက် ကြိုးစားအားထုတ်လုပ်ကိုင်မှုသည် ပဓာနကျသောလိုအပ်ချက်ဖြစ်ကြောင်း၊ လုပ်ချင်ကိုင်ချင်စိတ်ဖြင့် အတူတကွ ကြိုးစားကြမည်ဖြစ်ပါက လယ်သမားများဘဝ ရွှေခေတ်ရောက်ရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်နေ့ဂုဏ်ပြု ကတ္တရာလမ်းဖွင့်

**ကျောက်မဲ မတ် ၂၈**

နှစ်(၇၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် အမှတ်(၇)ရပ်ကွက် စာတိုက်လမ်းသစ် (မန်ကျောင်း ကျေးရွာသွားလမ်း) ဖွင့်ပွဲကို မတ် ၂၄ ရက်က ကျင်းပသည်။

ကတ္တရာလမ်းသစ်မှန်ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီ၊ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၆) တွင် ဖော်ပြခဲ့သော တိုင်းပြည်နှင့် လူမျိုးအကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသော ပြည်ထောင်စုတပ်မတော် ဆောင်းပါး ပထမကော်လံ တတိယပိုဒ် စာကြောင်းရေ (၇)တွင် "၁၈၈၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝကျရောက်ခဲ့သည်" အစား "၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝကျရောက်ခဲ့သည်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**(စာရေးသူ)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း ၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

( ၁ ) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
( ၂ ) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
( ၃ ) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
( ၄ ) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
( ၅ ) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
( ၆ ) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
( ၇ ) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
( ၈ ) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
( ၉ ) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်တွင်းသတင်း

# ဓမ္မာစရိယစာမေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို တတိယနေ့ ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၈၄၇ ပါးအနက် ၁၃၈၉၈ ပါး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၇၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားစာဖြေဌာန၌ ဓမ္မာစရိယစာမေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**


ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်သန်၍ ဓမ္မာစရိယစာမေးပွဲများကို နှစ်စဉ်မပျက်ကျင်းပလျက်ရှိရာ ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား စာဖြေဌာန မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ မတ် ၂၅ ရက်မှ စတင်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးသန်းဌေး၊ ဦးဖုန်းဇော်ဟန်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စာမေးပွဲကာလအတွင်း စာဖြေသံဃာတော်များအား နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအလှူရှင်များမှ နေ့စဉ် နေ့ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ ဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်မှ ဧပြီလ ၃ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ စာဖြေသံဃာတော်များ အဆင်ပြေစွာ ကြွရောက်နိုင်ရေးကို နေပြည်တော်ကောင်စီမှ ကြိုဆိုပို့ဆောင်ရေးမော်တော်ယာဉ်များကို စီစဉ်ပေးထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## စာအုပ်စင်ကဏ္ဍ ၂၈ - ၃ - ၂၀၁၅



# ကိုမျိုး(မြန်မာစာ)၏ "တို့ခေါင်းဆောင် တို့ပြည်ထောင်ပြု ယုံကြည်မှုပြည်ထောင်စု" စာအုပ်ထုတ်ဝေဖြန့်ချိ






ကိုမျိုး(မြန်မာစာ)၏ **"တို့ခေါင်းဆောင် တို့ပြည်ထောင်ပြု ယုံကြည်မှုပြည်ထောင်စု"** စာအုပ်ကို ကောင်းကင်သစ်စာပေတိုက်က ထုတ်ဝေပြီး မန်းချောင်းစာပေ ဖြန့်ချိရေးက ဖြန့်ချိလိုက်ကြောင်း သိရသည်။

ထိုစာအုပ်တွင် အခန်း(၁၇)ခန်းပါရှိပြီး ပထမပြည်ထောင်စုလား၊ ဒုတိယပြည်ထောင်စုလား၊ တိုင်းနိုင်ငံပြင်ပသို့ပင် ဩဇာလွှမ်းစေသော ပြည်ထောင်စု ခေါင်းဆောင်သစ်များခေတ်၊ ပြည်ထောင်စုအမွေခံ မထိုက်လေသည့်ပမာ တစ်စစီပဲ့ကြွေရလာသည့် အမိမြေ၊ နေဝင်ချိန် တိမ်တောက်သည့် ကုန်းဘောင်နိဂုံးကို အဖတ်ဆယ်၊ ပြည်ထောင်စုကို အသက်ပေးလို့ မကာကွယ်နိုင်ခဲ့သူတို့ဘဝမှာ၊ သုညမှ ပြန်စသည့် ပြည်ထောင်စုမျှော် ပြည်ထောင်ပြု ခေါင်းဆောင်မျှော် နေ့ရက်များစသည့် စိတ်ဝင်စားစရာ ခေါင်းစဉ်များဖြင့် ရေးသားထားသည်။

**(မြန်မာ့အလင်း)**

# သိပ္ပံစာရေးဆရာ ကိုကိုအောင်၏ မုန်တိုင်းမြေငလျင်နှင့် မြန်မာနိုင်ငံ စာအုပ်ထွက်ရှိ



ယနေ့ ကမ္ဘာ့နိုင်ငံများအပြင် မြန်မာနိုင်ငံတို့တွင် ဖြစ်ပေါ်ကြုံတွေ့နေရသော မုန်တိုင်းမြေငလျင်စသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ပြည့်ပြည့်စုံစုံ စုစည်းဖော်ပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံရှိ သဘာဝဘေးနှင့် ရင်သပ်ရှုမောဖွယ်ရာများစသည့် ဆောင်းပါးပုဒ်ရေ ၂၀ ကို ဖော်ပြထားပြီး စာဖတ်သူများ သိသင့်သိထိုက်သည့်စာအုပ်ဖြစ်သည်။ ဆက်သွယ်မှာယူလိုပါက Wisdom Knowledge Development Consultancy ဖုန်း ၀၉-၇၃၂၃၅၄၄၅ သို့မှာယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆောင်းပါး

# ပါဠိသက်၊ သက္ကတသက် စာလုံးပေါင်းအချို့ (၁)

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ ဒါ သမီးသူငယ်ချင်းတွေပါ။ အားလုံး မြန်မာစာ ဆရာမတွေပါပဲ။ ဘဘနဲ့တွေ့ချင်တယ်ဆိုလို့ခေါ်ခဲ့တာပါ"

အိမ်နီးချင်းဖြစ်သူ မိန်းကလေးနှင့်သူ့သူငယ်ချင်း မိန်းကလေးသုံးယောက် ကျွန်တော့်အိမ်ကိုရောက်လာပြီး အိမ်နီးချင်း မိန်းကလေးက စကားစခြင်း ဖြစ်သည်။

"ဪ. . . ဟုတ်လား။ သမီးတို့က ဘယ်အတန်းတွေသင်ကြသလဲကွဲ့"

"သမီးတို့အားလုံး အလယ်တန်းပြတွေပါ ဆရာကြီး။ ခုနစ်တန်းနဲ့ရှစ်တန်းမှာ မြန်မာစာသင်ရပါတယ်"

"ဟုတ်ပါပြီ။ သမီးတို့က ဆရာ့ကိုတွေ့ချင်လို့ဆိုတော့ မေးစရာရှိလို့ ဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ပါ။ သမီးတို့က ကိုယ်တိုင်လည်း မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို လေ့လာပါတယ်။ ကျောင်းသားတွေကိုလည်း စာလုံးပေါင်းသတ်ပုံ မမှားအောင်ဂရုတစိုက်သင်ပေးပါတယ် ဆရာကြီး"

"ကောင်းတာပေါ့ကွယ်။ ကဲ. . . အခုရောက်လာကြတာက ဘာများမေးချင်ကြလို့ပါလိမ့်။" "ပါဠိနဲ့သက္ကတက ဆင်းသက်တဲ့ စာလုံးပေါင်းတချို့နဲ့ ပတ်သက်ပြီး သဲသဲကွဲကွဲသိချင်တာကလေးတွေရှိလို့ပါ ဆရာကြီး"

"ကဲ. . . ဆိုစမ်းပါဦးကွယ်"

"မီးသဂြိုဟ်ဆိုတဲ့စာလုံးကို သဂြိုလ်ဆိုပြီး လသတ်နဲ့ရေးတာ မှားတဲ့အကြောင်း ဟသတ်နဲ့ရေးမှ မှန်တဲ့အကြောင်း ဆရာကြီး တစ်ခါကရေးတာ သမီးတို့ဖတ်ပြီးမှတ်ထားပါတယ်။ ဒါပေမယ့် သဂြိုလ်ဆိုပြီး လသတ်နဲ့ရေးတာ မကြာခဏ ဂျာနယ်တွေထဲမှာ တွေ့နေရပါတယ် ဆရာကြီး"

"အင်း ဂြိုဟ်တို့ သဂြိုဟ်တို့အကြောင်း ဆရာရေးဖူးပါတယ်။ ဂြိုဟ်က ဂြဟဆိုတဲ့ သက္ကတစကားက လာတယ်။ သဂြိုဟ်ကလည်း သံဂြဟဆိုတဲ့ သက္ကတစကားကလာတယ်။ဒါကြောင့် နှစ်လုံးစလုံးဟသတ်နဲ့ရေးရတာပေါ့။

"အဲ. . . ဂြိုလ်တို့ သဂြိုလ်တို့ဆိုပြီး လသတ်နဲ့ မှားရေးတာကတော့ ကုသိုလ်တို့ တက္ကသိုလ်တို့ကို လသတ်တာနဲ့ရောသွားတယ် ထင်တာပဲလေ။

"သမီးတို့ကိုမေးရဦးမယ်။ မီးသဂြိုဟ်ဆိုတဲ့ စကားလုံးမှာ အသံထွက်နှစ်မျိုးရှိတာ သမီးတို့သိသလား"

"သိပါတယ် ဆရာကြီး"

"သိရင် အသံထွက်ကို ရေးပြကြစမ်းကွယ်"

"ဟုတ်ကဲ့ပါ။ မြန်မာအဘိဓာန်ထဲက အသံထွက်ရေးနည်းနဲ့ ရေးပြပါ့မယ်"

မီးသင်းဂျို/မီးသ့ဂျို/ဟု နှစ်မျိုးရေးပြသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ပထမအသံထွက်မှာ သ-သံက အသံပျော့ပျော့ဆိုရတဲ့ 'သ'သံပဲ။ 'သား' တို့ 'အသက်' တို့မှာ ပါတဲ့ 'သ' သံမျိုးပေါ့။ ဒုတိယ သသံကတော့ 'သတင်း' တို့ 'ဝယ်သူ' တို့မှာပါတဲ့ အသံပြင်းပြင်းဆိုရတဲ့ သသံမျိုးပဲ။ ပထမ သသံနဲ့ ကွဲပြားအောင် အဘိဓာန်မှာ 'သ့' လို့ ပြတာ သမီးတို့သိမှာပေါ့"

"သိပါတယ်ဆရာကြီး"

"ဒါဆိုရင် ဒါကိုကော ဘယ်လိုအသံထွက်သလဲ။" ကျွန်တော်က 'သဂြိုဟ်ကျမ်း' ဟု ရေးပြသည်။

"/သင်းဂျိုကျန်း/ လို့ အသံထွက်မယ်ထင်ပါတယ်။

/သ့ဂျိုကျန်း/ လို့အသံထွက်သလားမသိဘူးဆရာကြီး"

"ကဲ--- ဆရာမ လုပ်နေတဲ့သမီးတို့တောင်မှားနေပြီ။ 'မီးသဂြိုဟ်'ကို အသံထွက်နှစ်မျိုးထွက်ပေမယ့် ဘုရားဟော ပိဋကတ်သဂြိုဟ်ကျမ်းကိုတော့ /သင်းဂျို/ လို့ပဲ အသံထွက်တယ်။ /သ့ဂျို/ လို့ အသံမထွက်ရဘူးကွဲ့"

"မှတ်ထားပါ့မယ် ဆရာကြီး"

"တစ်ခါက ရုပ်မြင်သံကြားက အသံလွှင့်သွားတာ'/သ့ဂျို/ ကိုးပိုင်း' တဲ့။ ဒါကြောင့် သတိထားဖို့ ဆရာပြောတာပါ"

"ဟုတ်ကဲ့ပါ။ ပြီးတော့ 'က'နဲ့ 'ဂ' ကွဲတဲ့စာလုံးတွေလည်း ကွဲကွဲပြားပြားသိချင်ပါတယ်ဆရာကြီး"

"ဘယ်စာလုံးတွေလဲကွဲ့"

"ကတိနဲ့ ဂတိ၊ ကရုဏာနဲ့ ဂရုဏာ၊ ကန္တာနဲ့ ဂန္ဓာလို စာလုံးမျိုးတွေပါ ဆရာကြီး"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီစာလုံးတွေ မှားတတ်တာက အသံထွက်ချင်းတူနေတာကိုး။ ကတိလို့ ရေးပေမယ့် 'ဂတိ' လို့ပဲ အသံထွက်တော့ 'ဂတိ' ချင်းရောသွားတာပေါ့။ 'ကတိစကား' တို့၊ 'ကတိပေး' တို့ကို 'က' နဲ့ ရေးရတယ်။ လားရာဂတိကိုတော့ 'ဂ' နဲ့ ရေးရတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ကရုဏာကလည်း 'ဂရုဏာ' လို့ အသံထွက်တော့ 'ဂ' နဲ့ မှားရေးတတ်တာပေါ့။ 'ဂရု' က 'ဂရုစိုက်' တို့ 'ဂရုပြု' တို့လေ။ ဂရုဆိုတာလေးတာကိုပြောတာ၊ ကရုဆိုတာ ပေါ့တာကိုပြောတာပါ။ အသံအလေး အပေါ့ကို ဂရု၊ ကရုလို့ သုံးတယ်။ ဂရုစိုက်ဆိုတာ အလေးထားတယ်လို့ ဆိုလိုတာလေ။ ကရုဏာကိုတော့ ကနဲ့ ရေးရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ--- 'ကန္တာရ'ကိုလည်း/ ဂန်ဒါရ/ လို့ အသံထွက်တော့ 'ဂ' နဲ့ မှားရေးတတ်ကြတာပေါ့။ 'ကန္တာရ' ဆိုတာ သွားလာဖို့ခက်ခဲတဲ့ခရီးကို ပြောတာ။ 'ကန္တာရ' လို့ 'က' နဲ့ ရေးရတယ်။ 'ဂ' နဲ့ ရေးတာက ဂန္ဓတို့၊ ဂန္ဓာရုံတို့ ဂန္ဓကုဋီတို့ကိုရေးတယ်။ ဂန္ဓဆိုတာ 'အနံ့' ကို ဆိုလိုတာလေ။ ဂန္ထဆိုတာလည်းရှိတယ်။ စာပေအရေးအဖွဲ့ကို ဆိုလိုတာ။ ဂန္ထဝင်လို့ သုံးတယ်လေ။ အနံ့လို့အဓိပ္ပာယ်ရတဲ့ ဂန္ဓက နငယ်နဲ့ ဓအောက်ခြိုက်နဲ့ ဆင့်ရတယ်။ ဂန္ထဝင်မှာပါတဲ့ ဂန္ထက နငယ်နဲ့ ထဆင်ထူးနဲ့ ဆင့်ရတယ်။ ဂန္ဓကိုပဲ ဂန္ဓာရတိုင်းတို့၊ ဂန္ဓာလရာဇ်တို့ဆိုတဲ့ စာလုံးတွေလည်း ရှိတယ်"

**ကရုဏာကလည်း 'ဂရုဏာ' လို့ အသံထွက်တော့ 'ဂ' နဲ့ မှားရေးတတ်တာပေါ့။ 'ဂရု' က 'ဂရုစိုက်' တို့ 'ဂရုပြု' တို့လေ။ ဂရုဆိုတာ လေးတာကိုပြောတာ၊ ကရုဆိုတာ ပေါ့တာကိုပြောတာပါ။ အသံအလေး အပေါ့ကို ဂရု၊ ကရုလို့ သုံးတယ်။ ဂရုစိုက်ဆိုတာ အလေး ထားတယ်လို့ ဆိုလိုတာလေ။**

" ဟုတ်ကဲ့ပါ"

" အဲ. . က နဲ့ရေးတဲ့ ကဏ္ဍကတော့ /ဂန်ဒ့/ လို့အသံထွက်တာများတယ်။ ရေးတော့' က'နဲ့ ရေးရတယ်။ ဏနဲ့ ဍနဲ့ ဆင့်ရေးရတယ်။ ပုံနှိပ်စာလုံးဆိုတော့ စာလုံးဆင့်ရင် ဍခြေထောက်က ရှည်နေလို့ ဍကို မှောက်ထားရတာပါ"

"ဟုတ်ကဲ့ပါ "

"နွေရာသီကိုခေါ်တဲ့ ပါဠိစကားက 'ဂိမှာန' နဲ့ 'ဂိမှာန' ဘယ်ဟာမှန်ပါသလဲ ဆရာကြီး"

" ပါဠိစာလုံးက 'ဂိမှာန'ပါ၊ နကိုသတ်တော့ ' ဂိမှာန်' ဖြစ်သွားတာပေါ့။ ဒါပေမယ့် အသံထွက်တော့ /ဂိန်မှန်/ လို့ထွက်ရတယ်။

ဒါကြောင့် 'ဂိမ္ဘာန်'လို့မှားပြီးရေးတတ်ကြတယ်"

"ဆရာကြီး . . . . ဂ နဲ့ က အကြောင်းပြောလို့ သမီးသတိရလို့ပါ။ ဂဏန်းနဲ့ ကဏန်းလည်း မတူဘူးမဟုတ်လား ဆရာကြီး"

"အေးလေ 'ဂဏန်းသင်္ချာ' ဆိုတဲ့ ဂဏန်းက 'ဂဏနာ' ဆိုတဲ့ ပါဠိစကားက လာတာမို့ 'ဂ'နဲ့ ဂဏန်းလို့ရေးရတယ်။ ပုစွန်လုံး တစ်မျိုးကို ခေါ်တဲ့ 'ကဏန်း'ကိုတော့ 'က'နဲ့ ရေးရတယ်။ ပါဠိတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် အဲဒီကဏန်းကိုလည်း 'ဂဏန်း'လို့ပဲ အသံထွက်တာမို့ သင်္ချာဂဏန်းနဲ့ မှားတတ်တာပေါ့ကွယ်"

"ဆရာကြီး သမီးမရှင်းတဲ့ စကားလုံးတစ်လုံးရှိပါတယ်။ ရေးပြပါ့မယ်။ "

တစ်ယောက်က စာရွက်မှာ 'ပြယုဂ်' ဟုရေးပြသည်"

" ဟုတ်ပါပြီ။ သမီးက ဘာပြောချင်တာလဲ"

"ဟုတ်ကဲ့၊ မြန်မာစကားမှာ 'ပြရုပ်' ဆိုတဲ့ စကားလုံးလည်းရှိပါတယ်။ အသံထွက်က အတူတူပဲလို့ ထင်ပါတယ်။ အဲဒီ စကားလုံး နှစ်လုံး ဘယ်လိုကွာခြားတယ်ဆိုတာ မရှင်းလို့ပါဆရာကြီး"

"ဟုတ်ပါပြီ။ ပထမဆုံး 'ပြယုဂ်' လို့ သမီးရေးပြတဲ့ စကားလုံးအကြောင်း ပြောရအောင်။ ဒီစကားလုံးက သက္ကတ 'ပြယောဂ' ကလာတဲ့ စကားပဲ။ မြန်မာလို 'ပြယုဂ်' လို့ ဖြစ်လာတယ်။ ပုံစံ၊ သာဓက၊ ဥဒါဟရုဏ်ဆိုတဲ့ စကားလုံးတွေနဲ့ အဓိပ္ပာယ်တူတယ်။ ဆိုကြပါစို့ကွယ်၊ သမီးတို့က မြန်မာသဒ္ဒါမှာ တစ်ဦးဆိုင်နာမ်ဆိုတာဘာလဲဆိုတာအဓိပ္ပာယ်ဖွင့်ပြပြီးရင် သာဓကတွေပေးတယ်မဟုတ်လား။ 'မောင်မောင်၊ မနီ၊ မန္တလေးမြို့၊ ဧရာဝတီမြစ်' ဆိုတဲ့သာဓကတွေဆိုပါတော့"

"အဲဒါတွေကို သာဓကဖြစ်ကြောင်းဘယ်လိုဖော်ပြသလဲ။ 'ပုံစံ' ၊ 'ပုံစံအားဖြင့်' ဆိုပြီး ဖော်ပြနိုင်တယ်။ 'သာဓက'၊ 'သာဓက အားဖြင့်'ဆိုပြီးတော့လည်း ဖော်ပြနိုင်တယ်။ ရှေးကစာတွေမှာတော့ 'ဥဒါဟရုဏ်ကား' လို့လည်း ဖော်ပြတယ်။ 'ပြယုဂ်ကား'လို့လည်း ဖော်ပြလို့ရတယ်"

"ဟုတ်ကဲ့ပါ"

"ပြယုဂ်ဆိုတာပုံစံပါပဲ။ ဒါပေမယ့် မြန်မာစကားမှာလည်း 'ပြရုပ်'ဆိုတာ ရှိတယ် မဟုတ်လား။ နာမည်ခံလောက်ပဲ၊ ပြရုပ်ကောင်းရုံလောက်ပဲ ဆိုတာမျိုးသုံးတယ်လေ။ 'ဒီအဖွဲ့က ပြရုပ်ပါ။ ဟန်ပြကောင်းရုံဖွဲ့ထားတာပါ။ နောက်ကွယ်မှာက ဥပဒေနဲ့ မလွတ်ကင်းတာတွေ လုပ်နေတာပါ' ဆိုတဲ့ အသုံးမျိုးပေါ့။ ဒီလောက်ဆိုရင် ရှင်းလောက်ရောပေါ့နော်"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ကျေးဇူးတင်ပါတယ် ဘဘ။ ဘဘလည်း ပင်ပန်းသွားပါပြီ။ သမီးတို့ နောက်တစ်ရက်လာပါဦးမယ်"



## သကြၤန်ကာလ တောင်သမန်၌ ရေကျန်နိုင်ဖွယ်ရှိ

**မန္တလေး မတ် ၂၈**

နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိပြီဖြစ်သည့် တောင်သမန်အင်းမှ ဦးပိန်တံတားကြီးသည် သစ်သားတိုင်ပေါင်း ၁၀၀၀ ကျော်ဖြင့် အလွန်ရှည်လျားထူးခြားကာ ပြည်တွင်းပြည်ပ ဧည့်သည်များကို ဆွဲဆောင်လျက်ရှိနေသည်။

တောင်သမန်အင်းမှ ဦးပိန်တံတားကြီးဆီသို့ အချိန်ရာသီမရွေး လာရောက်လည်ပတ် လေ့လာကြသည့် ဧည့်သည်အများအပြား ရှိနေသော်လည်း သကြၤန်ကာလကဲ့သို့ ရက်များတွင် လာရောက်သူ ပိုမိုများပြားစည်ကားလျက်ရှိကြောင်း သိရသည်။

သကြၤန်တွင် လည်ပတ်ကြသူများသည် မန္တလေးသကြၤန်၏ အစည်ကားဆုံးဖြစ်သော ကျုံးပတ်လည်၌ စတင်လည်ပတ်ကြလေ့ရှိကြပြီး နေ့လယ်ခေတ္တနားချိန်တွင် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ ဦးပိန်တံတားစသည့်နေရာများသို့ သွားရောက်၍ နားခိုလည်ပတ်လေ့ရှိကြသည်။

မဏ္ဍပ်များ၌ ရေပက်ခြင်းခေတ္တရပ်နားချိန်ဖြစ်သော နေ့ခင်းနေ့လယ်များတွင် မန္တလေးမြို့၏ အခြားသော အထင်ကရနေရာများသည် ရေမရှိသောကြောင့် ရေရရှိနိုင်သော ကန်တော်ကြီးတစ်ဝိုက်နှင့် ဦးပိန်တံတားတို့၌ လာရောက်ကြသူ ပိုမိုများပြားလျက်ရှိကြသည်။ သို့သော်လည်း ယခင်နှစ်များက ဦးပိန်တံတား တောင်သမန်အင်း အတွင်း ရေခန်းခြောက်မှုများ ရှိနေသောကြောင့် လာရောက်လည်ပတ်သူများသည် တံတားပေါ်တွင်သာ ကြည့်ရှုလေ့လာကြရပြီး အင်းအတွင်း ရေကစားမှု မပြုလုပ်ခဲ့ကြရကြောင်း သွားရောက်ခဲ့သူများ၏ ပြောကြားချက်အရ သိရသည်။

သကြၤန်ကျရောက်ရန် ရက်ပိုင်းသာလိုတော့သော ယနေ့အချိန်တွင် တောင်သမန်အင်းအတွင်း ရေများစွာကျန်ရှိနေသဖြင့် သကြၤန်ကာလတွင် လာရောက်ကြသူများ အနေဖြင့် တံတားပေါ်တွင်သာမက အင်းအတွင်း လှေစီးခြင်းနှင့် ရေကစားခြင်းတို့ကို ပြုလုပ်နိုင်ဖွယ်ရှိကြောင်း ဒေသခံဆိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

တောင်သမန်အင်းသည် ဝါဆို၊ ဝါခေါင် ဧရာဝတီမြစ်ရေတက်ချိန်များတွင် တံတားသို့ ရေများရောက်လုနီးပါး ရေပြည့်လျှံ၍ လှေစီးသူများအတွက် အန္တရာယ်ရှိသော်လည်း နွေရာသီ သကြၤန်ကာလတွင် ရှိသောရေများသည် နှစ်ပေ သုံးပေမျှသာဖြစ်၍ ရေကစားသူများ၊ လှေစီးသူများအတွက် အန္တရာယ်ကင်းရှင်းပြီး လွတ်လပ်ပျော်ရွှင်စွာ ကစားနိုင်ကြောင်း လှေပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ သိရပြီး ယခုကဲ့သို့ သကြၤန်တွင်းကာလအထိ ရေဆက်လက်တည်ရှိနေပါက တောင်သမန်အင်းသို့လာရောက်သူ ပိုမိုများပြားလာဖွယ်ရှိနိုင်ပြီး ပိုမိုစည်ကားနိုင်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## တားမြစ်ဆေးဝါး သုံးစွဲရောင်းချသူများကို သကြၤန်ကာလမတိုင်မီ ဖမ်းဆီးအရေးယူမည်

**မကွေး မတ် ၂၈**

ရန်ကုန်-မန္တလေးနှင့် အခြားမြို့ကြီးများ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးများ၊ အများအပြားဖမ်းဆီးရမိမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး အဆိုပါဆေးဝါးများနှင့် စိတ်ကြွဆေးများကို သကြၤန်ကာလအတွင်း ရေကစားသူများ သုံးစွဲရန် ရည်ရွယ်၍ သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း ခိုင်လုံသော သတင်းအထောက်အထားများအရ သကြၤန်ကာလ၌ မူးယစ်ဆေးဝါး၊ ယစ်မျိုး၊ စိတ်ကြွဆေးများနှင့် တရားမဝင်တားမြစ်ဆေးများ သုံးစွဲမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးမှုများဆောင်ရွက်လျက်ရှိရာ သကြၤန်ကာလမတိုင်မီ အရှိန်အဟုန်မြှင့်ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မူးယစ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက် အရသိရသည်။ **ဇေယျာတု(မန္တလေး)**

## မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေး ပညာပေးဟောပြော

**ရန်ကုန် မတ် ၂၈**

မြန်မာနှစ်သစ်ကူးပွဲတော်ကာလအတွင်း လူငယ်အချို့၏ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယိန္ဒြေပျက်စီးမှုများ၊ သေဆုံးမှုများမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်(အရှေ့)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မူးယစ်တပ်ဖွဲ့စု(၄၂)တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု/ ပြစ်ဒဏ်များ၊ သကြၤန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများအခြေအနေ၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် အခြေအနေများကို မြို့နယ်အတွင်းရှိ လူငယ်များ၊ ရပ်မိ/ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအား ရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရိုးရာမဟာသင်္ကြန်ပွဲ မွန်ပြည်နယ် ၁၀ မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မော်လမြိုင် မတ် ၂၈**

မွန်ပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ရေကစားကြပြီးနှစ်သစ်ကို ကြိုဆိုကြမည်ဖြစ်ကြောင်း၊ အတာသဘင်ပွဲတော် ဆင်နွှဲရာတွင် ယဉ်ကျေးစွာဖြင့် ရေပက်ကစားကြရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် အပြုအမူ၊ အပြောအဆိုများ မလုပ်ကြစေရန်၊ ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မတ် ၂၅ ရက်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသောမွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခမ်းအနား ကျင်းပရေးဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားသည်။

ယခုနှစ်တွင် မော်လမြိုင်မြို့ အပါအဝင်အခြားမြို့များမှ ဗဟိုမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ ပြုလုပ်ပြီး နိုင်ငံကျော်တေးသံရှင်များ၊ စင်တင်တေးဂီတများ၊ ယိမ်းအကအလှများနှင့်သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်အထိ သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မဏ္ဍပ်များတွင်စတုဒိသာကျွေးမွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ခိုက်ရန်ဖြစ်ပွားမှု၊ မလိုလားအပ်သည့်ဖြစ်စဉ်များ မဖြစ်ပွားစေရန် ပြည်နယ်ရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်းပြီး လုံခြုံရေးအစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေးဦးစီးသည့် တပ်ဖွဲ့ဝင် ၁၈၀ သည် မတ် ၂၇ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ ဆရာစံပန်းခြံတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ပန်းခြံအတွင်းရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လမ်းများပြုပြင်ခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# လိင်စိတ်နိုးကြွစေသော ဆေးများသုံးစွဲမှုမရှိစေရေး ပညာပေး

**ရန်ကုန် မတ် ၂၈**

ရန်ကင်းမြို့နယ် အမှတ်(၄) ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ မတ် ၂၅ ရက် နံနက် ၁၀ နာရီက လိင်စိတ်ကို နိုးကြွစေသော ဆေးဝါးများ သုံးစွဲမှုမရှိစေရေး ပညာပေးဆွေးနွေးပွဲကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်၊ မူးယစ်တပ်ဖွဲ့စု(၄၁)မှ ရဲမှူး ဝင်းမြင့်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်နီလာအောင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဒေါက်တာ ဒေါ်သီသီလတ်၊ မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသက်ဦး၊ မြို့နယ် အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အောင်အောင်ကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးအောင်မင်းမင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောင်းဆရာ၊ ဆရာမများ၊ အခြားဖိတ်ကြားထားသူများ အပါအဝင် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်သည်။



အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်က လိင်စိတ်ကို နိုးကြွစေသော စိတ်ကြွဆေးများ သုံးစွဲမှုမရှိစေရေးနှင့် အမျိုးသားဆေးဝါးဥပဒေပါ တားမြစ်ချက်များ၊ အရေးယူအပြစ်ပေးသည့် ပုဒ်မများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ **သန်းမောင်(ရန်ကင်း)**

# တောင်ငူတွင် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး လိင်စိတ်ကြွဆေးများ သုံးစွဲမှုမရှိစေရေးအတွက် ရှောင်တခင်စစ်ဆေး အသိပညာပေး

**တောင်ငူ မတ် ၂၈**

တောင်ငူမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး လိင်စိတ်ကြွဆေးများနှင့် တရားမဝင်တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက် နံနက် ၉နာရီတွင် တောင်ငူမြို့မှ ရန်ကုန်သို့ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်ပေါ်ပါခရီးသည်များနှင့် ကုန်ပစ္စည်းများကို ရဲအုပ်အေးဇော် ဦးစီးအဖွဲ့နှင့် ဒုရဲအုပ်ဝင်းကိုကိုဦးစီးသည့် ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့(၄)မိုင်စစ်ဆေးရေးဂိတ်တွင် တောင်ငူမြို့သို့ဝင်ရောက်သည့် ခရီးသည်တင်ယာဉ်များကို ရဲအုပ်အောင်စိုးဦး ဦးစီးသည့် အဖွဲ့တို့က ဖြန့်ကြက်၍ ရှောင်တခင် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းနောက် တောင်ငူမြို့နယ်အတွင်းရှိ ဆေးဆိုင်များကို တရားမဝင် တားမြစ်ဆေးများ ကာမရာဂစိတ်ကြွဆေးများ ရောင်းချဖြန့်ဖြူးခြင်းများ မပြုလုပ်စေရေးအတွက် ရဲအုပ်စိုးမင်းအောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့များက ပညာပေးဆွေးနွေးဟောပြောမှုများ ပြုလုပ်ကြသည်။ ယခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ကာလအတွင်း လူငယ်တချို့၏ စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲခြင်း၊ အခြားမူးယစ်ဆေးဝါးများ သုံးစွဲခြင်းကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ မရှိစေရန်အတွက် ကြိုတင်



ကာကွယ်သည့်အနေဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း တောင်ငူမြို့နယ် ဒုရဲမှူးစောသန်းလွင်၏ပြောကြားချက်အရ သိရှိရသည်။ **သူရ(တောင်ငူ)**

## ပြည်တွင်းသတင်း

World Health Day

7 April, 2015

ကမ္ဘာ့ကျန်းမာရေးနေ့

၂၀၁၅ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့

"ထုတ်လုပ်မှသည် စားသောက်သည်ထိ အဆင့်ဆင့်သန့်ရှင်း ရောဂါကင်း၏"

"From farm to plate, make food safe"

ကျန်းမာရေးဝန်ကြီးဌာန

# ယာဉ်လိုင်စင် သက်တမ်းတိုးဆောင်ရွက်ပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ် ၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ချီဖွေ၊ ဆော့လော်၊ မိုးကောင်း |
| ၂။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး |
| ၄။ | မကွေးတိုင်းဒေသကြီး | မင်းတပ်၊ စေတုတ္တရာ၊ အောင်လံ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | မလှိုင်၊ မတ္တရာ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ ဖျာပုံ၊ ဘိုကလေး |

**(ကုန်းလမ်းပို့ဆောင်ရေး)**

# ရေကြောင်းအမှတ်အသားပြ ဗောကို ဝင်ရောက်တိုက်မိ၍ စက်လှေနစ်မြုပ်

**နေပြည်တော် မတ် ၂၈**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ထွက်ခွာလာသော ကျောက်ဖြူမြို့ အရာရှိရက်ကွက်နေ ပဲ့နင်းဦးဇော်ဝင်း (၄၆နှစ်)မောင်းနှင်ပြီး လှေသားငါးဦးနှင့် ဂျင်း၊ မန်ကျည်းသီး၊ ဆီးသီး၊ မန်ကျည်းစေ့ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၂၀၀ ခန့် တင်ဆောင်လာသည့် အလျား ပေ ၇၀၊ အနံ ၁၈ ပေ၊ အနက် ခုနစ်ပေရှိ မြင်းကောင်ရေ EK-100 ခြောက်လုံးထိုးအမျိုးအစား စက်တင်ဆင်ထားသည့် "ရန်မျိုးကျော်" စက်လှေသည် မတ် ၂၄ ရက် နံနက် ၄ နာရီခွဲက ကျောက်ဖြူမြို့နယ် မြဒေးကျွန်း၏မြောက်ဘက် လေးဖာလုံခန့်အကွာ သံဇာစ်မြစ်အတွင်းရှိ ရေကြောင်းအမှတ်အသားပြ ဗောအမှတ်(၄၁) အား ဘေးမှပွတ်တိုက်မိခဲ့သည်။

ထိုသို့ ပွတ်တိုက်မှုကြောင့် စက်လှေဝမ်းဗိုက်ရှိ ပျဉ်ချပ်တစ်ချပ် ကွာထွက်သွားကာ စက်လှေအတွင်း ရေများဝင်ရောက်လာသောကြောင့် စက်လှေကို မြဒေးကျွန်းရေနက်ဆိပ်ကမ်းမှ ကိုက် ၅၀၀ ခန့်အကွာရှိ ငထက်မော်ကမ်းစပ်သို့ ထိုးတင်၍ စက်လှေပေါ်တွင် လိုက်ပါလာသူများ ကမ်းပေါ်သို့ တက်ရောက်ခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၄၀ တွင် စက်လှေမှာ ရေဝင်နစ်မြုပ်သွားခဲ့သည်။

အဆိုပါ စက်လှေနစ်မြုပ်မှုကြောင့်လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ စက်လှေနှင့်ကုန်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၃၅၀ ခန့်ဆုံးရှုံးခဲ့ကာ ရေယာဉ်ကို ပေ့ါဆစွာမောင်းနှင်သူ ဦးဇော်ဝင်းကို မြဒေးကျွန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လှိုင်းပုတ်ခတ်မှုကြောင့် သဲစုပ်စက်လှေရေဝင်နစ်မြုပ် လှေပေါ်ပါသူများအား ရေကြောင်းရဲတပ်ဖွဲ့မှ ကယ်ဆယ်ဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ချောင်းကျေးရွာအနီးရှိ ရေပြင်မှ သဲ ၂၅ကျင်း စုပ်ယူပြီး သာကေတမြို့နယ် ငမိုးရိပ်ချောင်းရှိ ပြည်မြန်မာ သဲကွင်းသို့ ပို့ဆောင်ရန် မင်္ဂလာတောင်ညွန့်မြို့နယ် ရုံးလေးရပ်ကွက်နေ အောင်ဇင်ဦး (၂၃နှစ်)မောင်းနှင်ပြီး စက်လှေလုပ်သားသုံးဦး လိုက်ပါလာသည့် အလျား ၆၅ ပေ၊ အနံ ၂၄ ပေ ခန့် ရေစူးရှစ်ပေခွဲခန့်ရှိ သံထည် အမျိုးအစား ပိုင်စုသဲစုပ်စက်လှေသည် မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က မြန်မာ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၏အရှေ့ဘက် ကိုက် ၃၀၀ ခန့် အကွာရှိ ရေပြင်တွင် လှိုင်းပုတ်ခတ်၍ စက်လှေအတွင်း ရေများဝင်ရောက်ကာ နစ်မြုပ်သွားခဲ့သည်။

အဆိုပါစက်လှေ နစ်မြုပ်ရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့ခွဲ ရန်ကုန်မှ တပ်ဖွဲ့ဝင်များနှင့် သီလဝါဆိပ်ကမ်းတာဝန်ရှိသူများက ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အောင်ဇင်ဦး ပါလေးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး စက်လှေနစ်မြုပ်မှုကြောင့် စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၆၀၀ ခန့် ဆုံးရှုံးခဲ့သဖြင့် အောင်ဇင်ဦးကို ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ပြည်တွင်းသတင်း

# ပြင်ဦးလွင်မြို့၌ လာရောက်လည်ပတ်ကြသူများနှင့် အပူရှောင်သူများစွာ ရောက်ရှိနေ



**ပြင်ဦးလွင် မတ် ၂၈**

နွေရာသီကျောင်းပိတ်ရက်နှင့် ပူပြင်းခြောက်သွေ့သော ရာသီဥတုကို ခံစားရလျက်ရှိနေသော မြန်မာနိုင်ငံ အနှံ့အပြားမှ ဧည့်သည်များသည် လည်ပတ်ကြရန်နှင့် အပူသက်သာသော ပြင်ဦးလွင်သို့ အနားယူခိုဝင်လျက်ရှိနေကြသည်။

ပြင်ဦးလွင်မြို့သည် မြောက်လတ္တီကျူ ၂၃ $\frac{1}{2}$ ဒီဂရီအောက်ကျရောက်သော မြို့တစ်မြို့ဖြစ်သော်လည်း ပေ ၃၀၀၀ ကျော်ပြီး တောင်ပေါ်တောနှင့် ထင်းရှူးတောများရှိပြီး အပူပိုင်းစိုစွတ်ရာသီဥတုကို ရယူကာ နှစ်စဉ်ပျမ်းမျှ အပူချိန် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်းသာ ရှိနေခြင်းကြောင့် မြန်မာနိုင်ငံ မြေပြန့်ဒေသရှိ မြို့ရွာများနှင့် နှိုင်းစာသော် အပူချိန်လွန်စွာ ကွာခြားမှုရှိနေသည့် မြို့တစ်မြို့လည်း ဖြစ်နေသည်။

ထို့အပြင် စိမ်းစိုအေးမြသော သစ်တောကြီးများအတွင်း တည်ရှိနေသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပွဲကောက်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ ပိတ်ချင်းမြောင်လိုဏ်ဂူတော် စသည့်အထင်ကရ သာယာလှပသည့် နေရာဒေသများသို့လည်း သွားရောက် လည်ပတ်လေ့လာနိုင်သဖြင့် နွေရာသီကာလများ၌ အပူရှောင်ရင်းလာရောက်ကြသူ များပြားကြသည်။

ပြင်ဦးလွင်မြို့တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ လိုင်စင်ရယူထားရှိသော ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပေါင်း ၄၄ ခု ရှိနေပြီး တည်းခိုနေထိုင်သည့် အခန်းပေါင်း ၉၃၃ ခန်းရှိနေသောကြောင့် တစ်ရက်လျှင် လူဦးရေ ၁၉၉၅ ဦး လာရောက်တည်းခိုနိုင်သည့်အပြင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဧည့်သည်များ အနားယူနေထိုင်ရန် နားနေဆောင် အများအပြားရှိနေသဖြင့် လာရောက်ကြသူများအတွက် အဆင်ပြေလျက်ရှိနေသည်။

ပြင်ဦးလွင်မြို့သို့ လာရောက်ကြသူများအနေဖြင့် လူတစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှင့် ၃၀၀၀ သာ ပေးရသော တည်းခိုခန်းငယ်လေးများ၌လည်းကောင်း၊ နှစ်ယောက်ခန်းတစ်ခန်းလျှင် ငွေကျပ် ၈၀၀၀ မှ ၃၀၀၀၀ ပေးဆောင်ရသော ဟိုတယ်၊ မိုတယ်များ၌လည်းကောင်း၊ အပေါ်ထပ်တစ်ထပ်လုံးငှားရမ်းမည်ဆိုပါက တစ်ရက် ငွေကျပ် ၁၂၅ သိန်းအထိ ပေးရသော မိသားစုတည်းခိုနိုင်သည့် အဆင့်မြင့်ဟိုတယ်ကြီးတွင် လွတ်လပ်စွာ တည်းခိုနေနိုင်ကြသော်လည်း များသောအားဖြင့် လာရောက်လည်ပတ်ကြသော ဘုရားဖူးအဖွဲ့ကားကြီးများသည် မြို့တွင်းဘုန်းကြီးကျောင်းများတွင် တည်းခိုလျက်ရှိနေကြသည်။

ပြင်ဦးလွင်မြို့သည် နှစ်စဉ် အပူချိန်လျော့နည်းသော မြို့တစ်မြို့ဖြစ်သည့်အပြင် မကြာမီရက်များက အချိန်အခါမဲ့ မိုးများအဆက်မပြတ်ရွာသွန်းထားသဖြင့် ယခင်ကထက်ပို၍ အပူသက်သာလျက်ရှိသဖြင့် လာရောက်လည်ပတ် အပူခိုလှုံသူများပြားလျက်ရှိနေကြောင်း သိရသည်။

**လ/၀၂၆**

# မြန်မာ့တာယာ နိုင်ငံခြားသို့ တင်ပို့နိုင်ပြီ

**ရန်ကုန် မတ် ၂၈**

ပြည်တွင်းမှ ထွက်ရှိသော ရော်ဘာကုန်ကြမ်းများကိုသာ အသုံးပြု၍ ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်တာယာစက်ရုံမှ ထုတ်လုပ်သော တာယာများမှာ ခဲထိုး၊ ကျောက်ထိုး၊ လမ်းကြမ်းဒဏ်ခံနိုင်မှုကြောင့် ပြည်တွင်းအသုံးပြုသူများ ကြိုက်နှစ်သက်သည့်အပြင် မလေးရှားနိုင်ငံသို့ တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ မတ် ၂၆ ရက် ညနေက ကမ္ဘာအေးဘုရားလမ်း ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်သည့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ကြားသိခဲ့ရသည်။ မလေးရှားနိုင်ငံသို့ အမိကတင်သွင်းနေရသော တာယာမှာ 700 .16.12 များဖြစ်ကြောင်း၊ ၎င်းက ဆိုခဲ့သည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံမှ ထုတ်လုပ်သော SIAM TYRE HIGHWAY RADIAL စတင်ဖြန့်ချိခြင်း၊ YANGON TYRE စက်ရုံ (ဘီးလင်း)မှ ထပ်မံထုတ်လုပ်သော RADIAL TYRE များ ဈေးကွက်အတွင်းသို့ မိတ်ဆက်ခြင်းများကို ပြုခဲ့ပြီး Michelin Siam Tyre Co., Ltd ,Thailand နှင့် Htoo Maw Co.,Ltd ,ရန်ကုန်တို့က မြန်မာနိုင်ငံအတွက် Sim Highway Radial Tyre များ ဖြန့်ချိရေး သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။



ထို့နောက် Yangon Tyre ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်ဌေးနှင့် Michelin Siam Tyre Co.,Ltd ,Thailand မှ Commertial Director (Truck & Bus ) Mr. Lionel တို့က ကျေးဇူးတင်စကားပြောကြား၍ YANGON TYRE CO.,LTD ,မှ ဥက္ကဋ္ဌ ဦးကျော်ကျော်စိန် နှင့်တာဝန်ရှိသူများက အရောင်းကိုယ်စားလှယ်လေးဦးနှင့် ရောင်းအားအကောင်းဆုံး ဆိုင် ၁၅ ဆိုင်တို့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

**(၁၆၄)**

# အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ် ၂၉ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သန်လျင်၊ လှည်းကူး၊ အင်းတိုင်၊ ဖောင်ကြီး၊ ဒါးပိန်၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်းလည်းကောင်း။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးစေရန်၊ ဓာတ်အားစနစ် ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် ခွင့်လွှတ်ရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူများသို့ ပန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မတ် ၂၆ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိဈေးတွင် မီးလောင်မှုမဖြစ်ပွားစေရန် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဝေနှင့်အဖွဲ့က ဈေးသူဈေးသားများအား မီးငြိမ်းသတ်မှု လက်တွေ့ပြသစဉ်။ ကိုကိုရှုပ

မူးယစ်ဆေးဝါး
အန္တရာယ်
ဝိုင်းဝန်းကာကွယ်

# ၂၀၁၄ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေခဲ့သော စာအုပ်၊ စာစောင်များစာရင်းထွက်ရှိ၊ စီဒီဖြင့် ဖြန့်ဝေရောင်းချပေးမည်

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ထွက်ရှိသော စာအုပ်စာစောင်များကို မှတ်တမ်းထားရှိရန်နှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်သည့် စောင်ရေနှင့် Electronic Document တို့ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ သက်ဆိုင်ရာပုံနှိပ်သူ၊ ထုတ်ဝေသူများက ပေးပို့လျက်ရှိသည်။

တစ်နှစ်အတွင်း ထွက်ရှိသော စာအုပ်စာစောင်များကို နှစ်ချုပ်စာရင်းပြုစု၍ နှစ်စဉ်မှတ်တမ်းထားရှိ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များ စာရင်းကို အသေးစိတ်အပြည့်အစုံ မှတ်တမ်းပြုစုပြီးဖြစ်သဖြင့် လေ့လာသိရှိ မှတ်တမ်းထားရှိလိုသူများအတွက် ၎င်းစာရင်းကို စီဒီဖြင့် ထုတ်ဝေရောင်းချဖြန့်ချိပေးမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များစာရင်း၊ စီဒီခွေကို ၃၀-၃-၂၀၁၅ ရက်မှစ၍ တစ်ချပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ဝက်ဘာလမ်းရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတို့တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင်တမလန်းသစ် ခားရွေတုံးများ ဖမ်းဆီးရမိ

**ကျွန်းလှ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းတင်ဦးဆောင်၍ ခရိုင်/မြို့နယ် သစ်တောဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ထွန်းဦးနှင့် ပူးပေါင်းအဖွဲ့သည် မတ် ၂၇ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က သတင်းအရ တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်း ဆောင်ရွက်နေစဉ် အင်းကောင်း-ကန်ပေါက်-ကုက္ကိုကုန်းကားလမ်းပေါ် ကံပေါက်ကျေးရွာအနီး တရားမဝင်တမလန်းခားရွေတုံး ခုနစ်တုံး ၀ ဒသမ ၆၂၄၈ တန် သယ်ဆောင်လာသော ယာဉ်အမှတ် YGN -9F /--- Mazda MPV ခဲရောင်လေးဘီး Van အမျိုးအစား မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးမိကြောင်း သိရသည်။



ထိုသို့ တရားမဝင်တမလန်း သစ်ခားရွေတုံးများ သယ်ဆောင်လာသော ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်နေ ယာဉ်မောင်း ဝင်းကျော်(ခ)သိန်းကို(၃၇နှစ်)ကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# တားမြစ်ဆေးဝါးများနှင့် လိင်စိတ်ကြွဆေးများ လိုက်လံစစ်ဆေး ဆွေးနွေးဟောပြော

**ရန်ကုန် မတ် ၂၈**

မင်္ဂလာဒုံမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးဝင်းမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များအား တားမြစ်ဆေးဝါးများနှင့် လိင်စိတ်ကြွဆေးများရောင်းချ သိုလှောင်ထားခြင်း ရှိ/မရှိကို မတ် ၂၇ ရက် နံနက် ၉နာရီက လိုက်လံစစ်ဆေး၍ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မိုးကို**

# တောထဲတွင် စွန့်ပစ်ခံရသည့် မြန်မာ ၁၁ ဦးကို ရှာဖွေကယ်တင်

**ဆူဖန်ဘူရီ မတ် ၂၈**

ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည့် သားငယ်နှစ်ဦးအတွက် အကူအညီတောင်းခံခဲ့သဖြင့် ထိုင်းနိုင်ငံသား ကြံခင်းလုပ်ငန်းရှင်က တောထဲ၌ စွန့်ပစ်ထားသည့် မြန်မာမိသားစုဝင် ၁၁ ဦးတို့အား မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီမှ ဒေသခံထိုင်းအာဏာပိုင်များနှင့်အတူ ရှာဖွေကယ်တင်လိုက်နိုင်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

မတ် ၂၆ ရက်က ကယ်တင်လိုက်နိုင်သည့် အဆိုပါမြန်မာမိသားစုနှစ်စုတို့မှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူအုပ်စု ကုန်းကြီးရွာမှ ဦးကျော်ကျော်(၄၂နှစ်)၊ ဇနီး ဒေါ်မိုးမိုး(၃၇ နှစ်)၊ မဝတ်မှုံ(၁၀ နှစ်)၊ မဝတ်ရည် ခြောက်နှစ်၊ မွေးကင်းစ မိန်းကလေး လေးလသားအရွယ် မမက်ဟူသည့် မြန်မာမိသားစုတို့ဖြစ်ပြီး အခြားမိသားစုတစ်စုမှာ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နေ ဦးအခက်(၅၅ နှစ် )၊ ဇနီး ဒေါ်ငွေစိန်(၄၅ နှစ်)၊ မောင်အဖွိုင်(၁၃ နှစ်)၊ မောင်အထင့်(ကိုးနှစ်)၊ မအဒေါင် ခြောက်နှစ်နှင့် မောင်ရန်တောင် (သုံးနှစ်)ဟူသည့် မွန်တိုင်းရင်းသားမိသားစုများပင်ဖြစ်ကြကာ ၎င်းတို့သည် ကြံခင်းပိုင်ရှင်တစ်ဦးထံ၌ ခုနစ်လခန့်ကြာ အလုပ်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကြသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက်က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူအုပ်စု ကုန်းကြီးရွာမှ ဦးကျော်ကျော်နှင့် ဒေါ်မိုးမိုးတို့၏ သားကြီးဖြစ်သော အသက် ၁၅ နှစ်အရွယ် ထက်ကိုအောင်(ခ)ခိုင်နှင့် ဦးအခက်နှင့် ဒေါ်ငွေစိန်တို့၏သားထူးတို့အား ထိုင်းနိုင်ငံသား ကြံခင်းပိုင်ရှင်၏ ယောက်မဖြစ်သူက အလုပ်မှ ပြန်လာသော သူမ၏သားကိုကြိုရန် ခိုင်းစေခဲ့ကြောင်း၊ ဆိုင်ကယ်စီးသွားကြသည့် ထက်ကိုအောင်နှင့်ထူးတို့ကို ဆူဖန်ဘူရီနယ်မြေ ဆူဖန်ဟော်ဝန်စံ ဖိနောင်အရပ်၌ ၁၀ ဘီးကား နှစ်စီးတွဲက တိုက်မိသဖြင့် နှစ်ဦးစလုံး အခင်းဖြစ်နေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့ကြရကြောင်း၊ ထိုသေဆုံးမှုအား မူလက ကြံခင်းပိုင်ရှင်က သင့်လျော်သည့် နစ်နာကြေးများရရှိအောင် ကူညီပေးမည်ဟု ပြောခဲ့သော်လည်း နှစ်လကျော်ကြာသည့်တိုင်အောင် တစ်စုံတစ်ရာ အကူအညီမရရှိဟု သေဆုံးသူ ထက်ကိုအောင်၏ ဖခင် ဦးကျော်ကျော်က ပြောကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းရှင်က ဖြစ်စဉ်အား မြန်မာသံရုံးသို့ အကူအညီတောင်းခံမည်ကို သိသွားသောကြောင့် မြန်မာမိသားစု နှစ်စုအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ကားပေါ်သို့ အတင်းအဓမ္မတင်ဆောင်ကာ ကန်ချနဘူရီခရိုင် ပတ်ထော်ဝန်နယ်မြေမှ ချောက်ကမ်းပါးတစ်ခုအတွင်းရှိ တဲစုတ်တစ်ခုသို့ လာရောက်စွန့်ပစ်ထားခဲ့သဖြင့် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီဝင်ဖြစ်သော ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ အကူအညီတောင်းခံခဲ့ခြင်း ဖြစ်သည်။

မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ ကော်မတီ နာယကဖြစ်သော မြန်မာသံအမတ်ကြီး ဦးဝင်းမောင်ထံသို့ စုဆောင်းရရှိသော သတင်း အချက်အလက်များအား တင်ပြခဲ့ပြီး လိုအပ်သည့်ခရီးစရိတ်တို့အား အကူအညီတောင်းခံခဲ့ရကြောင်း၊ မတ် ၂၅ ရက်တွင် မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၏ ကိုယ်ရေးအရာရှိက လိုအပ်ချက်များအား MAT အဖွဲ့သို့ ကူညီဆောင်ရွက်ပေးခဲ့သဖြင့် MAT အဖွဲ့သားများသည် စွန့်ပစ်ခံထားရသည့် မိသားစုဝင် ၁၁ ဦးတို့ကို ရှာပုံတော်ခရီးအား မတ် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီက စတင်ခဲ့ကြရကြောင်း သိရသည်။

MAT အဖွဲ့ဝင်တို့မှာ ယာဉ်တစ်စီးနှင့် မိသားစုဝင်များအား တင်ဆောင်ရန်အတွက် စီစဉ်ကာ ထိုင်း၊ မြန်မာနယ်စပ်တစ်လျှောက်၌ ရှိသော ထိုင်းရဲတပ်ဖွဲ့ဝင်များ၊ ထိုင်းလဝကနှင့် ထိုင်းစစ်တပ်တို့အား မိမိတို့သည် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီမှ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ချိတ်ဆွဲကတ်ပြားတို့ကို ပြသ၍လည်းကောင်း၊ မြန်မာသံအမတ်ကြီး၏ ကိုယ်ရေးအရာရှိအား တယ်လီဖုန်းဖြင့် လည်းကောင်း ဆက်သွယ်ပြောကြားကာ စွန့်ပစ်ခံရ မြန်မာအလုပ်သမား ၁၁ ဦးတို့အား ရှာဖွေခဲ့ကြရခြင်းဖြစ်သည်။

**တင်လှမောင်**

ပြည်တွင်းသတင်း



# တောင်ကမ်းပါးမြေပြိုကျမှုကြောင့် မြေပေါက်လုပ်သားနှစ်ဦး သေဆုံး

**ပုသိမ် မတ် ၂၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကုန်းပြင်နယ်မြေရဲစခန်းပိုင် လက်ပံပင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာ အနီး ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၆၆/၃)နှင့် (၆၆/၄)အကြား ငါးသိုင်းချောင်းမြို့ဘက်မှ လေးမျက်နှာမြို့ဘက်သို့ သွားရာ နှစ်ဖာလုံခန့်အကွာ ဦးချိုကြီးပိုင်သော ဥယျာဉ်ခြံမြေအတွင်းမှ မြေများကို မတ် ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ဦးဝင်းဇော် ရေနံ့သာကျေးရွာနေသူက ၎င်း၏ နေအိမ်ခြံအတွင်းသို့ မြေများဖို့ရန်အတွက် နေ့စားလုပ်သား ပြည့်ဖြိုးဇော်၊ စည်သူလွင်၊ ဝင်းကို၊ ဝင်းမိုးကျော်၊ ဆောင်းမောင်မောင်တို့ကို တောင်မြေများဖြိုချ၍ ယာဉ်အမှတ် 5A/--- Canter ယာဉ်ပေါ်သို့ တင်ဆောင်ခိုင်းစဉ် တောင်ကမ်းပါးမြေများ ပြိုကျခဲ့ရာက မြေပေါက်သူ ဝင်းမိုးကျော်နှင့် ဆောင်းမောင်မောင်တို့နှစ်ဦးမှာ ပြိုကျမြေများပိ၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**


## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရွှေတင် ၃/ကကရ(နိုင်) ၀၀၃၃၀၁ ၏ ရွှေလိုင်ထူးကုမ္ပဏီအမည်ဖြင့် တင်သွင်းထားသော (ID) အကောက်ခွန်ဦးစီးဌာနသွင်းကုန်ကြေငြာအမှတ် 101615(24-4-2013)နှင့် Royal Island ကုမ္ပဏီအမည်ဖြင့် တင်သွင်းထားသော(ID)အကောက်ခွန်ဦးစီးဌာနသွင်းကုန်ကြေငြာလွှာအမှတ် 102079(25-4-2013) များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၄၈၄၈၅**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/7451 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## CLAIMS DAY NOTICE
## M.V GOLDEN FAN VOY:NO(25)

Consignees of cargo carried by M.V GOLDEN FAN VOY: NO.(25) are here by notified that the vessel will arrive on about 1-4-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊**


**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## လမ်းမတန်း မြေနေရာကောင်းရောင်းမည်

ရန်ကုန်မြို့၊ စီးပွားရေးတက္ကသိုလ်အနီး အမှတ် (၂) လမ်းမကြီးပေါ် မျက်နှာလှည့် ဒီဇင်ဘာသီရိဂေဟာမြို့တော် မုခ်ဦး အနီး အကောင်းဆုံး မြေကွက်၊ ရွှေနဂါးအဆင့်မြင့် ဘော်ဒါဆောင်ခြံနှင့် ကပ်လျက် နေရာကောင်း၊ လမ်းနှင့်အညီ အုတ်ရိုးစီ မြေဖို့ထားပြီး ပတ်ဝန်းကျင်ဖွံ့ဖြိုးသာယာရန် အလားအလာအလွန်ကောင်း မျက်နှာစာ အလျား ၅၅' x အနံ ၇၂' x နှစ်ကွက်တွဲ 1Sqft = ၃၀၀၀၀ိ/-

ဖုန်း - ၀၉-၅၃၈၅၂၀၈ / ၀၉-၅၀၀၉၆၄၀








ပြည်တွင်းသတင်း



# မြေနီကုန်းခုံးကျော်တံတား ယာဉ်များဖြတ်သန်းသွားလာ

**ရန်ကုန် မတ် ၂၈**

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်း မြေနီကုန်းမီးပွိုင့်နှင့် ရှင်စောပုမီးပွိုင့်နှစ်ခုကို ဖြတ်ကျော်၍ တောင်နှင့် မြောက်သွယ်တန်းတည်ဆောက်ထားသော မြေနီကုန်းခုံးကျော်တံတားကြီးပေါ်က မတ် ၂၇ ရက် (တပ်မတော်နေ့) နံနက် ၆ နာရီခွဲ မှစတင်၍ မော်တော်ယာဉ်များအား မောင်းနှင်ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်သည်။

မော်တော်ယာဉ်များကို တံတား၏ တောင်ဘက်အခြမ်းမှ စတင်ဖြတ်သန်းခြင်းကို ပြုလုပ်ခဲ့သည်။ တံတားပေါ် စတင်ဖြတ်သန်းမောင်းနှင်လာသော ယာဉ်များပေါ်မှ ခရီးသည်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မထသ (ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်နှင့် တံတားတည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးခဲ့သည်။

ထို့နောက် မြောက်ဘက်အခြမ်းမှ ယာဉ်များကို ဖြတ်သန်းစေ၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးခဲ့ကြသည်။

တံတားတည်ဆောက်ရေး စီမံကိန်း ဒါရိုက်တာ ဦးသက်လင်းက "တံတားတည်ဆောက်ခဲ့တဲ့အချိန်က ခြောက်လနဲ့ ၁၆ ရက်ပဲ ကြာမြင့်ခဲ့ပါတယ်။ မူလသတ်မှတ်ကာလက အခုမတ်လကုန်အထိပါ။ ဒါပေမယ့် တံတားကြီးပြီးလို့ စောစောဖွင့်နိုင်လေ ခရီးသွားပြည်သူတွေအတွက် ပိုပြီးအဆင်ပြေနိုင်တာကြောင့် ဒီကနေ့ပဲ ကြိုပြီးဖွင့်လိုက်ပါပြီ"ဟု မြန်မာ့အလင်း၏ အမေးစကားကို ဖြေကြားပေးခဲ့သည်။

တံတားကြီးပေါ်မှ နောက်ထပ် ကတ္တရာအပါးတစ်လွှာ ထပ်မံခင်းရန်လိုအပ်လျက်ရှိနေပြီး အချောသပ်လုပ်ငန်းများ လုပ်ကိုင်ရန်ကျန်ရှိနေသေးကြောင်း တွေ့ရှိခဲ့ရသည်။ မြေနီကုန်း မီးပွိုင့်မှ ရှင်စောပု မီးပွိုင့်အထိ ယာယီပိတ်ထားသောတံတား၏ တစ်ဖက်တစ်ချက်ရှိ လမ်းနှစ်လမ်းကိုလည်း မတ် ၃၁ ရက်တွင် ပြန်လည်ဖွင့်ပေးနိုင်မည်ဟု သိရသည်။

တံတားကြီးကို ဂျပန်နိုင်ငံမှ ပုံစံထုတ်လုပ်ခြင်းဖြစ်ပြီး Capital Development Ltd. က တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ အောက်ခြေ ဖောင်ဒေးရှင်းအမျိုး အစားမှာ သံကူကွန်ကရစ်လွန်တူး ဘိုးပိုင် (1.2 m Ø) အမျိုးအစားဖြစ်သည်။

တံတားကြီးတွင် အခန်း ၁၁ ခန်းပါရှိပြီး အရှည်ပေ အားဖြင့် ၂၃၁၀ ဒသမ ၅ ဖြစ်သည်။ တံတားအကျယ် ၄၈ ပေ ကျယ်ဝန်းပြီး ယာဉ်လေးစီးတစ်ပြိုင်နက်တည်း သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတားကင်းလွတ်အမြင့်မှာ ၁၃ ဒသမ ၁၂ပေ ရှိပြီး ယာဉ်သွားလာမှု ခံနိုင်ဝန်အားဖြင့် ၇၅ တန် ခံနိုင်မည်ဖြစ်သည်ဟုဆိုသည်။ တံတားတည်ဆောက်မှု ကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ ၁၆ ဘီလီယံခန့်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)**

## တရားမဝင်နိုင်ငံခြားသွားရောက်မည့်သူများကို မိဘထံပြန်လည်အပ်နှံ

**လက်ပံတန်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် မတ် ၂၇ ရက်က သာရဝေါ-လက်ပံတန်းပြေးဆွဲနေသည့် မော်တော်ယာဉ်အမှတ် ၇က/----ပေါ်တွင် တရုတ်နိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်မည့် အမျိုးသားတစ်ဦး၊ အမျိုးသမီးခုနစ်ဦးလိုက်ပါလာကြောင်း သတင်းအရ လက်ပံတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မအူကုန်းရပ်ကွက် ကံကြီးလမ်းတွင် မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးပြီး မော်တော်ယာဉ်ပေါ်လိုက်ပါလာသည့် အဆိုပါရှစ်ဦးတို့ကို ရဲစခန်းသို့ခေါ်ဆောင်၍ အသေးစိတ်စစ်ဆေးရာ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြော၍ မိဘများထံသို့ အပ်နှံခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

## မန်းရွှေစက်တော်ဘုရားပွဲတော် ယမန်နှစ်ကထက် ယခုနှစ်ပို၍စည်ကား

**မင်းဘူး မတ် ၂၈**

မန်းရွှေစက်တော်ဘုရားပွဲတော် ဘုရားဖူးဧည့်သည်များ ယမန်နှစ်ကထက် ယခုနှစ် ပို၍လာရောက်မှုရှိသလို အထူးစည်ကားလျက်ရှိကြောင်း ဂေါပကရုံးမှ သိရသည်။

ယခုနှစ်ထူးခြားတာကတော့ ကမ္ဘာလှည့်ခရီးသည်တွေ ယမန်နှစ်ကထက် အလာများသလိုကမ္ဘောဒီးယားနိုင်ငံသားများအုပ်စုလိုက် လာရောက်မှုများခဲ့ကြောင်း၊ ဇန်နဝါရီ ၂၄ ရက်ဖွင့်ပွဲနေ့မှ ယခု မတ်လ ၂၄ရက်အထိ အလှူငွေစုစုပေါင်းငွေကျပ် သိန်းပေါင်း ၃၁၀ ကျော် ရရှိပြီဖြစ်ကြောင်း၊ ရွှေသင်္ကန်းရောင်းချမှုနှင့် အခြားငွေမပါသေးကြောင်း၊ ယမန်နှစ် မတ်လပိုင်းအလှူငွေရရှိမှုထက် ယခုနှစ်မတ်လပိုင်းမှာ အလှူငွေရရှိမှု ပိုများကြောင်း ၊ လက်ရှိဘုရားကြီးရဲ့ ယမန်နှစ် ဧပြီလအထိ ဘဏ္ဍာတော် ငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ကျန်ရှိနေသေးကြောင်း ဂေါပကစီမံအဖွဲ့ဝင် ဦးစိုးတင့်က ပြောသည်။

ဗိုလ်ချုပ်ရာပြည့်ပွဲတော်ကာလအတွင်းက မန်းရွှေစက်တော်ဘုရားပွဲတော်တွင် လူစည်ကားမှု နည်းပါးခဲ့ကြောင်း၊ တဲချောင်းများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲပြီးကာလမှစတင်၍ တဲချောင်းတစ်ခန်းလျှင် ငွေကျပ် ၈၀၀၀၀ ဝန်းကျင်ဈေးပေါက်နေကြောင်း၊ တချို့ဘုရားဖူးဧည့်သည်များကတော့ တဲချောင်းဈေးနှုန်းမြင့်နေ၍ နီးစပ်ရာဘုန်းကြီးကျောင်းများတွင် တည်းခိုကြရသလို နေ့ချင်းပြန်ခရီးဖြင့် မင်းဘူး-မကွေးမြို့များရှိ တည်းခိုခန်းများ၊ ဟိုတယ်များတွင် တည်းခိုကြရကြောင်း၊ ပွဲတော်ကာလအတွင်း အရက်ပုံးရောင်းချသည့် အမှုလေးမှု ၊ ဘုရားဖူးဧည့်သည်များလှူဒါန်းထားသည့် အောက်စက်တော်ရာတွင် လှူဒါန်းထားသောငွေများ နှိုက်ယူမှုတစ်မှု၊ ရေနစ်သေဆုံးမှုတစ်မှုဖြစ်ပွားခဲ့ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။ မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့်လည်း ယမန်နှစ်ကထက် ဘက်ပေါင်းစုံ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာသွားလာနေထိုင်ရေးနှင့် ဘုရားဖူးနိုင်ရေးအတွက်လည်း ဂေါပကအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ဦးစိုးတင့်က ဆက်လက်ပြောပြသည်။ **ကျော်ဇေယျ**


## အာစရိယပူဇော်ပွဲ

တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ ကြာနီကန်စာသင်တိုက်ကြီးကို ၁၃၄၆ ခုနှစ်မှ စတင်တည်ထောင်ဖွင့်လှစ်၍ ပရိယတ္တိစာပေများကို ယနေ့အထိ သင်ကြားပို့ချပေးတော်မူလျက်ရှိသော ဆရာတော် ဘဒ္ဒန္တသူရိယ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်အရှင်သူမြတ်ထံ၌ ပညာရင်နို့သောက်စို့သင်ယူခဲ့ကြသောတပည့်များ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲသို့ ကြွရောက်ကြည်ညိုကြပါရန် တပည့်ဟောင်း/သစ်များအား ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၉-၄၂၈၂၀၀၄၆၁၊ ၀၉-၂၅၆၀၄၆၂၃၃
၀၉-၃၁၁၁၈၆၉၃၊ ၀၉-၇၃၂၄၂၄၆၁
နေ့ရက် - ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ကြာနီကန်စာသင်တိုက်၊တောင်ငူမြို့

## ရောင်းမည်

လက်ရှိအသုံးပြုသော မြေထိုးစက် CAT-D8K
ဖုန်း-၀၉-၂၅၀၆၆၃၉၃၈၊ ၀၉-၇၉၅၈၁၂၉၂၄

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7G/8798 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# အနူးအညွတ်တောင်းပန်အပ်ပါသည်

(၂၇-၃-၂၀၁၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ထည့်သွင်းသည့် ပြင်ပကြားညှပ်အချပ်ပိုကြော်ငြာ(HEART Media) စာမျက်နှာ (၂)တွင် ဖော်ပြပါရှိသော **Myanmar Telecommunication & Technology Co.,Ltd. ၏ "၂၀၁၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်သော နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဝမ်းမြောက်လိုက်လှဲစွာဖြင့် MTS Co., Ltd. မိသားစုမှ ဂုဏ်ပြုအပ်ပါသည်"**ဟု ဖော်ပြရမည့်အစား **"ပြည်ထောင်စုနေ့"**ဟု မှားယွင်းဖော်ပြမိခဲ့ခြင်းနှင့် အဆိုပါကြော်ငြာတွင် MECTel Logo အား ခွင့်ပြုချက်မရရှိဘဲ ထည့်သွင်းဖော်ပြမိခဲ့သည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**MTS Co.,Ltd.**

# ရန်ကုန်-ပြွန်တန်ဆာ ရထားလမ်းပိုင်း ဘေးကင်းလုံခြုံစွာ ပြေးဆွဲရန် ဂျပန်ကူညီမည်

**ရန်ကုန် မတ် ၂၈**

မြန်မာ့မီးရထား ပြေးဆွဲမှု လုပ်ငန်းများကို ပိုမိုကောင်းမွန်မှုနှင့် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံက အကူအညီများပေးလျက်ရှိသည်။ ရထားများပြေးဆွဲရာတွင် ဘေးအန္တရာယ်ကင်းရေးနှင့် ဗဟိုမှ ရထားပြေးဆွဲမှု ထိန်းချုပ်သည့်စနစ်ကို အကောင်အထည်ဖော်နိုင်ရန် ဂျပန်နိုင်ငံက အကူအညီပေးနေသည်။



" ဂျပန်နိုင်ငံက မြန်မာ့မီးရထားလုပ်ငန်းရဲ့ ရထားပြေးဆွဲမှုအပေါ်မှာ အကူအညီတွေပေးနေပါတယ်။ ဗဟိုမှ ရထားပြေးဆွဲ မှု ထိန်းချုပ်သည့်စနစ်နဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာတွေ တပ်ဆင်အသုံးပြုခြင်းစီမံကိန်းကို ရန်ကုန်-ပြွန်တန်ဆာ လမ်းပိုင်းမှာ စတင်ဆောင်ရွက်နိုင်ရေး အကူအညီပေးမှုတွေ ပြုလုပ်နေပါတယ်" ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြောကြားသည်။

ရန်ကုန်-ပြွန်တန်ဆာ ရထားလမ်းပိုင်းသည် အရှည် ၈၉ မိုင်ရှိရာ ဗဟိုမှ ရထားပြေးဆွဲမှုထိန်းချုပ်သည့်စနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုရေးအတွက် ဂျပန်ဘက်မှ တာဝန်ပေးအပ်ထားသည့် Consulting Firm နှင့် မြန်မာ့မီးရထားတို့ လုပ်ငန်းဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်းနှင့် စီမံကိန်းတွင် တပ်ဆင်မည့် ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

ယင်းစီမံကိန်း အကောင်အထည်ဖော်ပါက ရထားပြေးဆွဲမှု အရှိန်နှင့် အချိန်တို့ကို ထိန်းချုပ်နိုင်မည့်အပြင် ရထားပြေးဆွဲရာတွင် ဘေးကင်းလုံခြုံမှုများ ပိုမိုရရှိစေမည်ဖြစ်သည်။ ဆက်လက်ပြီး ရထားလမ်းပိုင်းအလိုက် ဂျပန်နိုင်ငံ၏ အကူအညီပေးမှု အပေါ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်း (JITI) မှ မြန်မာ့မီးရထား လုပ်ငန်းအတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က ဂျပန်ယန်း ၅၃၂၇၀၀ တန်ဖိုးရှိသော ဂျပန်နိုင်ငံရထားလုပ်ငန်း၏ လက်သုံးသံလမ်း ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းသုံး ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းခဲ့သည်။

တစ်ဖန် ၂၀၁၄ ခုနှစ် မေလ ၂၈ ရက်တွင်လည်း မြန်မာ့မီးရထား လုပ်ငန်းတွင် လက်တွေ့အသုံးပြုနိုင်သည့် ဂျပန်ယန်း ရှစ်သန်း တန်ဖိုးရှိသည့် အလိုအလျောက် ရထားအချိန်စာရင်းရေးဆွဲနိုင်သော Software ၁၃ ခု ၊ ကွန်ပျူတာ နှစ်စုံ၊ Cannon အမျိုးအစား လေဆာပရင်တာ နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ဒုတိယအကြိမ်အဖြစ် လှူဒါန်းခဲ့သည်။

ဂျပန်နိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးကဏ္ဍအတွက် တရားဝင်ဖွံ့ဖြိုးရေးအကူအညီအဖြစ် ချေးငွေအကူအညီ၊ Grant အကူအညီ၊ နည်းပညာများ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်း (JITI) အနေဖြင့်လည်း မြန်မာ့မီးရထားပြေးဆွဲမှု လုပ်ငန်းများတွင် အကူအညီများပေးလျက်ရှိသည်။ **သတင်း- မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ညောင်လေးပင် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မဒေါက်မြို့ ပန်းငွေရုံတောရကျောင်းတိုက်မှ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တသုမနာဘိဝံသ၊ ပြွန်တန်ဆာမြို့ ဇမ္ဗူအေးအင်းဝိုင်းဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ဘဒ္ဒန္တဝိဇယ၊ အလယ် ရွာ ကျောင်းတိုက်ဆရာတော် (သာသနဓဇ ဓမ္မာစရိယ) ဦးခေမာစာရ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲအောင်၊ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးကျော်ဇေယျ၊ ပြွန်တန်ဆာမြို့ လျှပ်စစ်မှူး ဦးခင်မောင်ထွန်း၊ အလှူရှင် များဖြစ်ကြသော ရန်ကုန်မြို့နေ ဦးမျိုးထွန်းဦးနှင့် အလယ်ရွာအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ အဓိက အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဦးမျိုးထွန်းဦးနှင့် ညီမ ဒေါ်လဲ့လဲ့မော် မိသားစုမှ ငွေကျပ် သိန်း ၁၃၀၊ ဦးလှမြင့်မောင်နှမတစ်စုတို့က ငွေကျပ်သိန်း ၅၀၊ ဦးသိန်းလွင်-ဒေါ်သီသီညွန့် မိသားစုတို့က ငွေကျပ် ၃၅ သိန်း၊ ဦးမြတ်မင်းမိသားစုက ငွေကျပ် ၁၄ သိန်း၊ ဒေါ်ရွှေသက် မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေသခံပြည်သူများ စုပေါင်းထည့်လှူငွေစုစုပေါင်း ငွေကျပ် သိန်း ၃၁၀ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ လက်ရှိအသုံးပြုမည့် ထရန်စဖော်မာသည် KV (၁၀၀) အားရှိကာ အိမ်ထောင်စု ၃၀၀ အထိ မီးသုံးစွဲခွင့်ရမည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# သင်္ကြန်တွင်း ရွှေ့လျားအဖွဲ့များ ပိတ်ရက်မရှိ စစ်ဆေးမည်

**ရန်ကုန် မတ် ၂၈**

တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသည် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် အဖွဲ့စုံပါဝင်သော Mobile team အဖွဲ့များဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ နှစ်သစ်ကူး မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း ပြည်တွင်း/ ပြည်ပ ဆိပ်ကမ်းများ၊ လေဆိပ်နှင့် အခြားကုန်းလမ်းပိုင်းတို့တွင် ကုန်တင်ချလုပ်ငန်းများနှင့် အကောက်ခွန်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် ဧပြီ ၁၁၊ ၁၂၊ ၂၀၊ နှင့် ၂၁ ရက်များတွင် သာမန် ရုံးဖွင့်ရက်များအတိုင်း အကောက် ခွန်ဦးစီးဌာန ရုံးချုပ် (ရန်ကုန်) အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လေယာဉ်ခရီးစဉ်များအတွက် နေ့စဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် Agency များမှ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောင်ရွက်လိုသည့်ရက်ကို ကုမ္ပဏီ Letter Head ဖြင့် ကြိုတင်လျှောက်ထားရမည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများအတွက် ဘဏ်တွင် Deposit လုံလောက်စွာ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းများမှ နိုင်ငံခြားခရီးသည် သင်္ဘောဝင်ရောက်ရန်ရှိရာ ဝင်ရောက်မည့်ရက်အား ကြိုတင်အကြောင်းကြား ဆောင်ရွက်ပေးရန်လိုကြောင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီမှ သိရသည်။

**ကျော်မြင့်အေး**

# မိုးပွင့်စီမံချက် ဆောင်ရွက်

**မော်လမြိုင် မတ် ၂၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်(အထူး)စီမံချက်ဖြင့် ဖက်တန်းရပ်ကွက်အတွင်းရှိ ပြည်သူများအား မတ် စတုတ္ထပတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်သာ ဦးဆောင်သော ဝန်ထမ်းများ၊ ရပ်ကွက်ကော်မတီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စုစုပေါင်းလူဦးရေ ၃၈၈ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမမ (iprd)**

# ဈေးချိုတော်နံနက်ခင်း . . .

**မင်းမင်းဇော်(ကလေး)**

"အမှန်တကယ်အတိုင်းဆိုရင် လမ်းမပေါ်မှာ ဈေးတက်မရောင်းရဘူးပေါ့ဗျာ။ အခုကြည့်လေ ဈေးတောင်းတွေ၊ ဈေးခင်းထားတာတွေက လမ်းမတစ်ဝက်ထိရောက်နေပြီ။ ဈေးဆိုင်တွေကလည်း ဆိုင်ရှေ့ ၁၀ ပေ၊ ပေ ၂၀ မကတော့ဘူး ဈေးခင်းထားကြတာဗျာ။ ဒီမိုကရေစီဆိုပြီး ထင်ရာလုပ်နေကြသလိုပါပဲ"ဟု မြည်တွန်တောက်တီးနေသည့်အသံသည် မန္တလေး ဈေးချိုတော်နောက်ဘက် ၈၆ လမ်း၊ ၂၆ လမ်းနှင့် လမ်း (၃၀)အကြားသို့ ဆိုင်ကယ်ဖြင့်ဈေးဝယ်လာသူတစ်ဦးထံမှ ကြားလိုက်ရသည်။

ဈေးချိုတော်အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် သင်္ကြန်ကာလနီး၍လော မပြောတတ်တော့၊ ဈေးသည်ဈေးဝယ်များက ပျားပန်းခတ်မျှ။ အမှန်တကယ်လည်း မြည်တွန်တောက်တီးနေသူ၏ စကားသံများအတိုင်း လက်တွေ့မြင်ကွင်းတွင် ဈေးဆိုင်များ၏ခင်းကျင်းမှုများကလည်း ဆိုင်ရှေ့ (၁၀) ပေမက လမ်းမပေါ်အထိ ခင်းကျင်းထားကြသည်။ ပျံကျဈေးရောင်းသူများကလည်း လမ်းမတစ်ဝက်နီးပါး ခင်းကျင်းရောင်းချလျက်ရှိနေကြသည်။ ထိုသို့သောအခြေအနေများ၌ ဆိုင်ကယ်ဖြင့်တစ်မျိုး၊ ကားဖြင့်တစ်သွယ်ဈေးဝယ်သူများကလည်း မန္တလေးခြင်များပမာ များပြားလှသည်၊ ကုန်တင်လက်တွန်းလှည်းများကလည်း သူ့သဘောသူဆောင် လမ်းမပေါ်ရပ်လျက် ကုန်တင်နေကြသည်။ ဆိုင်ကယ်ဟွန်းသံ၊ ကားဟွန်းသံများကလည်း ကမ္ဘာပျက်သံကဲ့သို့ တစ်တီတီ၊ တစ်ပွမ်ပွမ် ဆူညံလျက်ရှိနေကြသည်။ ဤကား မန္တလေးရွှေမြို့တော်ရှိ ဈေးချိုတော်အနောက်ဘက်နှင့် တောင်ဘက်၏ နံနက်ခင်းဈေး မြင်ကွင်းပင်တည်း။

"ပျံကျဈေးသည်ဆိုကတည်းကိုက ဆိုင်ခန်းမငှားနိုင်၊ မဝယ်နိုင်လို့ပေါ့။ သူတို့ကိုလည်း ထည့်စဉ်းစားပေးရမယ်။ သူတို့ဝမ်းစာအတွက် သူတို့ရှာစားနေကြတာလေ။ ဒါပေမယ့် စည်းကမ်းတကျလေးဖြစ်သွားအောင်၊ ဈေးသည်တွေလည်းမထိခိုက်အောင် သက်ဆိုင်ရာက စီစဉ်ပေးရင်ကောင်းမယ်ဗျာ"ဟု ၎င်းကစကားဆက်၍ဆိုသည်။

လက်တွေ့မြေပြင်တွင်လည်း ပျံကျဈေးသည်များက တစ်ပတ်လျှင် လူတစ်ယောက်ပြောင်းလဲကောက်ခံနေသည့် တစ်ရက်ဈေးရောင်းခွန် ၂၅၀ ကျပ်နှင့် ဖမ်းခွန် ၁၀၀ ကျပ် စုစုပေါင်း ငွေကျပ် ၃၅၀ ကို ပေးဆောင်ပြီး ရောင်းရသည်ဟု နယ်မှမြို့တက်၍ ကုန်စိမ်းရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောသည်။

"ကျွန်မတို့ ဒီလမ်းပေါ်ကို နံနက် ၅ နာရီနောက်ပိုင်းမှာ ဈေးစရောင်းလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နံနက် ၅ နာရီအထိ သက်ဆိုင်ရာက ဖမ်းတယ်လေ၊ ဖမ်းပြီးရင် ငွေကျပ်သုံးထောင်နဲ့ သွားရွေးရတယ်။ အဲဒါကြောင့် ဈေးရောင်းခရော၊ ဖမ်းခရော စုစုပေါင်း ၃၅၀ ကျပ်ပေးရတာပေါ့။ ကျွန်မတို့လည်း ဘယ်သိပ့်မလဲ၊ သူများတွေရှေ့တိုးရောင်းတော့ ကျွန်မတို့လည်းတိုးရတော့တာပေါ့။ ပြောသာပြောရတာ ကျမတို့ဈေးရောင်းစားခွင့်လေးပိတ်သွားမှာစိုးရသေးတယ်။ လမ်းကျပ်နေတာမြင်ပေမယ့်လည်း ဝမ်းစာအတွက်ဈေးရောင်းမှစားရမှာ။ ဒီလိုမှ ဈေးရောင်းမစားရရင် ကျွန်မတို့တော့ ဒုက္ခရောက်တော့မယ်"ဟု ယင်းကုန်စိမ်းဈေးသည်က ရင်တွင်းစကားကို ပွင့်လင်းစွာဖောက်သည် ချသည်။

တာဝန်ရှိသူများက ဈေးချိုတော်တစ်ပတ် ယာဉ်ကြောသွားလာရေး လွယ်ကူရန် ဆောင်ရွက်သော်လည်း မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ လက်တွန်းလှည်းများ၊ ကုန်တင်ချယာဉ်များကြောင့် ဈေးသွားဈေးပြန်ပြည်သူများ သွားလာရေးခက်ခဲမြဲပင်ဖြစ်သည်။

"ကျွန်တော်တို့လည်း ဈေးသည်တွေကို ရှင်းလင်းရေးလုပ်ပေမယ့် လုပ်တုန်းခဏပါပဲ။ ကျွန်တော်တို့ပြန်သွားရင်သူတို့က ပြန်ရောက်နေပြီလေ"ဟု တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရောင်းခွန်၊ ဖမ်းခွန်ဆိုသည့်ကိစ္စရပ်နှင့်ပတ်သက်၍ တာဝန်ရှိဈေးခေါင်းအား မေးမြန်းသော် ဈေးကြီးကြပ်ရေးမှူးထံမေးပါဟုဆိုသည်။ ဈေးကြီးကြပ်ရေးမှူးဆိုသူထံ ထပ်၍မေးသော် ၎င်းတို့အထက်အရာရှိထံမေးပါဟု ဆိုပြန်သည်။ ၎င်းအရာရှိထံ ဆက်သွယ်မေးမြန်းသော်လည်း ဌာနမှူးထံ ဆက်သွယ်မေးမြန်းပါဟု ဆိုပြန်သည်။ မည်သူ့ကို ထပ်မံမေးမြန်းရဦးမည်မသိ ဖုန်းဖြင့်ဆက်သွယ်သော်လည်း ဆက်သွယ်၍မရခဲ့။

မည်သူ့ကို မည်သို့မည်ပုံညှိနှိုင်းပြောဆိုဆက်သွယ်ရမည်မသိ။ နေ့စဉ် ဈေးချိုတော်အနောက်ဘက်နှင့် တောင်ဘက်သို့ နောက်တစ်နေ့ နံနက်ခင်းဈေး ထပ်မံသွားရောက်ဝယ်ရလျှင် ဤသို့သော မြင်ကွင်း၊ ဤသို့သော မြည်တွန်တောက်တီးသံများအား ပြန်လည်မြင်တွေ့ကြားသိရဦးမည်။

ပြည်တွင်းသတင်း

# ကမာကူရ ပုံစံတူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အသစ်တည်ဆောက်ပြီးစီး



**နတ်တလင်း မတ် ၂၈**

ဂျပန်နိုင်ငံ ကမာကူရဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ မြန်မာနိုင်ငံကမာကူရဘုရား ရုပ်ပွားတော်မြတ်ကြီးတစ်ဆူအား ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုမြို့သစ် အောင်သာယာရပ်ကွက် လောကချမ်းသာဘုရားသာသနာ့နယ်မြေအတွင်းတည်ထားလျက်ရှိရာ ယခုအခါ ဘုရားကြီးနှင့်ရင်ပြင်တော်အခင်းပိုင်းနှင့်ဆိုင်သောလုပ်ငန်းများပြီးစီးနေပြီဖြစ်၍ ဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ကမာကူရ ဘုရားကြီးအား တောင်ညိုမြို့သစ် ပဲခူးရိုးမ အရှေ့တောင်စွယ်တစ်ခုဖြစ်သော မြင်ဆိုင်းကြောတန်း ကုန်းမြင့်ပေါ်တွင် တည်ထားခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဧပြီလတွင် ပန္နက်တော်ချ၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ ဘုရားကြီး၏ ညဏ်တော်အမြင့် ၁၈ တောင်၊ ရင်ပြင်တော်ပတ်လည် ပေ ၁၀၀ ရှိပြီး မန္တလေးမြို့နေ အလှူရှင် ဦးမိုးကျော်၊ ဒေါ်လှလှကြူ မိသားစုက မတည်လှူဒါန်းခဲ့ပြီး ခုနစ်ရက်သားသမီးများစုပေါင်း၍ ဆက်လက်ပါဝင်လှူဒါန်းခဲ့သည်။

လောကချမ်းသာဘုရား သာသနာ့နယ်မြေအတွင်း၌ ကမာကူရဘုရားကြီး တည်ထားရာတွင် တောတွင်းမှလိပ်ပြာကြီးများအုပ်စုလိုက် အများအပြား လာရောက်ဖူးမြော်သည်ကို ထူးခြားစွာ တွေ့မြင်ခဲ့ရကြောင်း ဘုရားကြီး တည်ရာတွင် ဦးဆောင်သူဆရာ ထက်အောင်လှိုင်က ပြောကြားသည်။

**ကိုသက်(ဇီးကုန်း)**

## ရေဖြူရေလှောင်ဆည် တည်ဆောက်ရေးကြည့်ရှု

**မဘိမ်း မတ် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် နမ့်ပုံးပုံးကျေးရွာတွင် လယ် ၄၃၅ ဧကအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် ရေဖြူ ရေလှောင်ဆည်တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံ ငွေကျပ်သန်း ၂၀၀ ခွင့်ပြုခဲ့သည်။

အဆိုပါ ခွင့်ပြုရန်ပုံငွေဖြင့် ရေဖြူရေလှောင်ဆည်ကို ကျောက်စီကွန်ကရစ်အမျိုးအစား တည်ဆောက်လျက်ရှိရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရန်အတွက် မတ် ၂၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေလှောင်ဆည်တည်ဆောက်နေသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု လျော့နည်းကျဆင်းစေရေးအတွက် အမှတ်(၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မင်းသူ၏ ကြီးကြပ်မှုဖြင့် ယာဉ်မှုစစ်ရဲအုပ်ထွန်းနိုင်မြင့်၊ ဒုရဲအုပ်အောင်ဇော်လတ် (စည်း/ထိန်း)တို့ ဦးစီးပူးပေါင်းအဖွဲ့သည် မတ် ၂၆ ရက်က တပ်ကုန်းမြို့အတွင်း ရန်ကုန်-မန္တလေးကားလမ်း ကျောက်တိုင်လမ်းဆုံအနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်စဉ်။** မောင်လွင်(တပ်ကုန်း)

## လေပြင်းဒဏ်ကြောင့် လဲကျနေသောထနောင်းပင်ကို ကားဝင်တိုက်

**မြင်းမူ မတ် ၂၈**

မြင်းမူမြို့ မြေစာရင်းရုံးရှေ့ကားလမ်းမိုင်တိုင် ၄၉/၁နှင့် ၄၉/၂ ကြားတွင် မုံရွာမှ မန္တလေးဘက်သို့ ယာဉ်မောင်းနိုင်လင်း မောင်းနှင်သည့် ကင်တာအမျိုးအစား အဖြူရောင် ယာဉ်အမှတ် ၉င/---- ယာဉ်သည် မတ် ၂၇ ရက်က ကတ္တရာလမ်းပေါ်တွင် လေပြင်းတိုက်ခတ်ခြင်းကြောင့် လဲကျနေသော ထနောင်းပင်ကို ဝင်တိုက်မိပြီး လူဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ တာဝန်မှူး ဒုရဲအုပ်ထွန်းသိန်းက တရားလိုပြုလုပ်တိုင်တန်းပြီး မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၇၉)**

# မိုးဦးစောသဖြင့် တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်

**သာစည် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မတ် ၂၅ ရက် ညနေ ၃ နာရီမှ မတ် ၂၆ ရက် နံနက် ၂ နာရီအထိ မိုးဦးစောစီးစွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ် အတွင်းရှိ တောင်သူကြီးများမှာ ဝမ်းသာပျော်ရွှင်နေကြပြီး မိုးရွာသွန်းရာတွင် မိုးသီးများပါ ပါရှိသည်ကိုတွေ့ရသည်။

"ကျွန်တော်တို့ကတော့ မိုးဦးစောလို့ ဝမ်းသာတယ်၊ မနှစ်က တစ်နှစ်လုံး မိုးခေါင်ခဲ့လို့ မိုးသီးနှံ၊ ဆောင်းသီးနှံတွေ ဆုံးရှုံးခဲ့ရတယ်။ ပြီးတော့ လုပ်အားခတွေလည်း ဆုံးရှုံးခဲ့ရတယ်။ ဒီနှစ်တော့ ရာသီဥတု ကောင်းမယ့် သဘောရှိနေပါတယ်။ ကျွန်တော်တို့ တောင်သူတွေအတွက် မိုးစပါးစိုက်ဖို့က အရေးကြီးတယ်။ မိုးဦးစောပြီး ရွာသွန်းမှုများခဲ့ရင် ဆည်၊ ကန်တွေမှာ ရေပြည့်စုံစွာ ရှိနေမှာပါ။ ဒီတော့ စပါးစိုက်ဖို့က သေချာပါတယ်"ဟု ဥသျှစ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

မတ် ၂၅ ရက်က ရွာသွန်းသောမိုးသည် မိုးရေချိန်လက်မ ၁ ဒသမ ၀၅ လက်မရှိပြီး မြို့နယ်တွင်းရှိ တောင်သူများမှာ မိုးဦးနှမ်းကို စိုက်ပျိုးရန်အတွက် ပြင်ဆင်နေကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# သစ်တောမြေပြင်ပတွင် စိုက်ပျိုးထားသော ကျွန်းပင်များ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင် ခွင့်ပြုပေးလျက်ရှိ



**နေပြည်တော် မတ် ၂၈**

သစ်တောမြေပြင်ပတွင် စိုက်ပျိုးထားသော ကျွန်းပင်များနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းများကို သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

"အရင်တုန်းက ကျွန်းပင်စိုက်ရင် အဲဒီကျွန်းပင်က နိုင်ငံပိုင် သစ်ဖြစ်တယ်။ အဲဒါကြောင့် ကိုယ်စိုက်တယ်ဆိုလည်း ကိုယ်ပိုင်မဖြစ်ဘူး။ အခုလိုမှတ်ပုံတင်ခွင့် ပြုလိုက်တဲ့အတွက် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာ စိုက်ထားတဲ့ ကျွန်းပင်ဆိုရင် ကိုယ်ပိုင်သစ်ဖြစ်လာမယ်။ မှတ်ပုံတင်မှ ကိုယ်ပိုင်ဖြစ်တဲ့အတွက် နောင်ထွက်လာမယ့်သစ်တွေကို ထုတ်ချိန်တန်လို့ ထုတ်တဲ့အခါမှာ အန္တရာယ်ကင်းကင်းနဲ့ထုတ်လို့ရတယ်။ မှတ်ပုံတင်ထားတဲ့ ကျွန်းပင်တွေကို အချိန်တန်လို့ ထုတ်မယ်ဆိုရင်တော့ သစ်တောဌာနကို အကြောင်းကြားပြီး မိမိစိတ်ကြိုက် ထုတ်လုပ်ရောင်းချခွင့်တွေရလာမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ခွင့်ကိုတော့ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွေမှာ မှတ်ပုံတင်ခွင့်တွေလုပ်ပေးနေပါပြီ "ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ပြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအကျိုးတူ ပူးပေါင်းရေးအလို့ငှာ ပြည်ထောင်စုသမ္မတနိုင်ငံတော်အစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် ကျွန်းစိုက်ခင်းများ တည်ထောင်ထုတ်လုပ်ရောင်းချနိုင်ရန် ၂၀၀၆ ခုနှစ်မှစတင်၍ စိစစ်ခွင့်ပြု ပေးလျက်ရှိသည်။

လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊ မိမိကိုယ်ပိုင် ဥယျာဉ်၊ ခြံမြေများတွင် စိုက်ပျိုးထားသော ကျွန်းပင်များအတွက် မြေအသုံးပြုခွင့်၊ ပိုင်ဆိုင်မှု အထောက်အထားပူးတွဲလျက် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားရန်လိုအပ်ကြောင်း သိရသည်။

**သတင်း-ဌူလိုင်မိုး၊**
**ဓာတ်ပုံ-ချစ်သမီး**

# ပိန်းဇလုပ်တွင် ကတ္တရာလမ်းသစ်ဖွင့်

**ညောင်လေးပင် မတ် ၂၈**

နှစ်(၇၀)ပြည့်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာ တောင်ပိုင်းရပ်ကွက် ဦးမြတ်ထွန်းအောင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါ ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် ပိန်းဇလုပ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစန်းအောင်က ယခင် ချိုင့်ခွက်ချိုင့်ဝှမ်းများဖြင့် ကျေးရွာနေပြည်သူများ သွားလာနေရခြင်းဖြစ်ကြောင်း၊ ယခုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်ပံ့ပိုးကူညီမှုဖြင့် အလျား ၉၇၇ ပေ၊ အကျယ် ၁၀ ပေနှင့် ထု ၁၂ လက်မခွဲရှိ ကတ္တရာလမ်းသစ် ဖောက်လုပ်ပြီးစီးသည့်အတွက် ကျေးရွာအုပ်စုအတွင်းရှိ အကျိုးပြုရပ်ကွက်ကြီးခြောက်ရပ်ကွက်မှ ကျေးရွာနေပြည်သူ ၉၂၈၃ ဦးတို့ ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေး လုပ်ငန်းများတွင် အကျိုးပြုမည်ဖြစ်သည့် အတွက် ကျေးရွာနေပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်းနှင့် လမ်းဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သော ဌာနဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

**ပုသိမ်ကြီး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှူးကြီးမှူး၍ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ မုံလယ်တောရစခန်း၌ မတ်လတတိယပတ်က တိုင်းရင်းဆေးအခမဲ့ ကုသပေးခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှူး ဦးသစ်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးသမားတော် အသင်းဥက္ကဋ္ဌ ဦးကျော်ဦးနှင့် အဖွဲ့ဝင်များက တရားစခန်းဝင် ယောဂီ၊ သံဃာ ၉၁ ပါးအား အထွေထွေရောဂါများ အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## လက်ရှိရောင်းချခွင့်ပေးသည့်နေရာတွင် ဆက်လက်ရောင်းစေချင်



**နေပြည်တော် မတ် ၂၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေးကို မြို့တော်အင်္ဂါရပ်နှင့်အညီ ဈေးရုံသုံးရုံတည်ဆောက်ပေးထားပြီး အရာထမ်း၊ အမှုထမ်းများနှင့် အများပြည်သူများ ဝယ်ယူစားသုံးရန်ဖွင့်ထားသော ရပ်ကွက်ဈေးလေးဖြစ်သည့်အတွက် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရောင်းသူ၊ ဝယ်သူအလွန်စည်ကားသည်။ ယခုအခါ ချယ်ရီဈေး(ပုံကျ)နေရာတွင် ရောင်းချသောဈေးသည် ဦးရေ ၈၀ ကျော်ခန့်ကို ပုံကျဈေးဖျက်၍ မူလနေရာနှင့် အလှမ်းဝေးသောနေရာတွင် အသစ်ပြန်ဆောက် ပြောင်းရွှေ့နေရာချထားပေးမည်ဟု ကြားသိရသဖြင့် စိုးရိမ်ပူပန်မှုများရှိနေကြောင်း သိရသည်။

အဆိုပါဈေးတွင် ဈေးရောင်းသူများက မိမိတို့ဈေးသူဈေးသားများမှာ ပုံကျဈေး မကြာခဏရွှေ့ပြောင်းရသဖြင့် ဝယ်နေကြဖောက်သည်များပျက်ပြီး ဈေးရောင်း ဈေးဝယ်နည်းခဲ့ကြောင်း၊ လက်ရှိရောင်းချသည့်နေရာသည် ဈေးပရဝဏ်အတွင်းမှာ ရောင်းချသည့်အတွက်ကြောင့် ပတ်ဝန်းကျင်ကိုမထိခိုက်နိုင်ကြောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှလွဲ၍ ကျန်သောရက်များတွင် ဈေးဝယ်သူအလွန်နည်းပါးသဖြင့် ဈေးသစ်ထပ်ဆောက်ရန် လိုအပ်လိမ့်မည်မဟုတ်ပါကြောင်း သက်ဆိုင်ရာမှ ယခုလက်ရှိရောင်းချခွင့်ပေးထားသောနေရာမှသာ စည်းကမ်းတကျ ဆက်လက်ရောင်းချလိုပါကြောင်း ပြောကြားသည်။ချယ်ရီဈေးတွင်လက်ရှိရောင်းချနေသော ပုံကျဈေးသည်အများစုသည် ဝန်ထမ်းမိသားစုဝင်များဖြစ်ပြီး သားငါးရောင်းချသော ဈေးသည်များမှာ ပျဉ်းမနားမြို့နှင့် အခြားနေရာမှ လာရောက်ရောင်းချသူများဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရမြေ)**

ဆောင်းပါး

# မိုးယံတိုင်ဖျားက စက်မှုထွက်ကြွေသီးများ

နိုင်လင်း(စက်မှု)

မြန်မာနိုင်ငံတွင် စဥ့်အိုးစဥ့်ထည်များကို ရှေးမြန်မာမင်းများ လက်ထက်ကပင် ထုတ်လုပ်ခဲ့ပါသည်။ နှစ်ဆယ်ရာစုအရောက်တွင် ကြွေထည်ထုတ်လုပ်မှု အတတ်ပညာများ တိုးတက်ခဲ့သည်။ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်သမိုင်းတွင် ဦးသော် ပန်းကန်စက်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဦးသန်း ပန်းကန်စက်၊ တောင်ဥက္ကလာပ ကြွေထည်စက်ရုံနှင့် မော်လမြိုင်ပန်းကန်စက်ရုံများ ပေါ်ပေါက်လာခဲ့သည်။

လျှပ်စစ်ဆက်သွယ်ရေးနှင့် ကြေးနန်းဆက်သွယ်ရေးသုံး ကြွေသီး Insulator များကို မော်လမြိုင်ပန်းကန်စက်ရုံမှ စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ကြေးနန်းကြိုး အကြီးအသေးအလိုက် နှစ်ထပ်ကြွေသီး၊ ဘဲဥကြွေသီးနှင့် ကြိုးသိုင်းကြွေသီးများ ထုတ်လုပ်နိုင်ခဲ့ပါသည်။ မော်လမြိုင်ပန်းကန်စက်ရုံကို ကြွေထည်ထုတ်လုပ်မှု နည်းပညာဆိုင်ရာ နိုင်ငံပိုင် စံပြစက်ရုံအဖြစ် ထူထောင်ခဲ့ပြီးနောက် ၁၉၆၀-၁၉၆၁ ခုနှစ်မှစ၍ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပါသည်။ ခေတ်မီစက်ကိရိယာအပိုင်းနှင့် မီးသင်းဖိုအပိုင်းတွင် အားနည်းချက်များနှင့် စွမ်းအင်ရရှိမှု အခက်အခဲများရှိခဲ့သော်လည်း ကြွေထည်ထုတ်လုပ်မှုနည်းပညာပိုင်းတွင် ကျွမ်းကျင်မှုနှင့် တီထွင်ဆန်းသစ်မှု အတွေ့အကြုံများ ရရှိခဲ့ပါသည်။

ပြည်တွင်းလိုအပ်ချက်ဖြစ်သော ပန်းကန်ခွက်ယောက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထုတ်လုပ်ခဲ့သည့်အားလျော်စွာ ပြည်ပမှ မှာယူတင်သွင်းရသော လျှပ်စစ်နှင့် ကြေးနန်းသုံးကြွေသီးများကိုလည်း လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးကော်ပိုရေးရှင်းနှင့် ပြင်ပလုပ်ငန်းများသို့ အလုံအလောက်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတစ်နံတစ်လျား မီးရထားလမ်းဘေး၊ မော်တော်ကားလမ်းဘေးနှင့် လူနေရပ်ကွက်များတွင် တွေ့မြင်ရသည့် ဓာတ်တိုင်၊ ကြေးနန်းတိုင်များတွင် တပ်ဆင်ထားသော ကြွေသီးများသည် မော်လမြိုင်စက်ရုံထွက်များ ဖြစ်ပါသည်။ အလုံလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ငန်းတေးလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့အတွက် ၁၁ ကေဗွီအေအထိ ခံနိုင်ရည်ရှိသော ဗို့အားမြင့်ကြွေသီးများကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါသည်။

သမားရိုးကျ တယ်လီဖုန်း၊ ကြေးနန်းဆက်သွယ်ရေးတစ်ခေတ်မှ ခေတ်မီ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးနှင့် မိုဘိုင်းတယ်လီဖုန်း အင်တာနက်ဆက်သွယ်ရေးစနစ်ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လျှပ်စစ်ဆက်သွယ်ရေးကဏ္ဍတွင်လည်း ရေအားလျှပ်စစ်စီမံကိန်းကြီးများ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်စီမံကိန်းများတိုးမြှင့် အကောင်အထည်ဖော်လာသည့်အလျောက် သာမန်ထုတ်လုပ်နေကျ ကြွေသီးများအပြင် မဟာလျှပ်စစ်ဓာတ်အားလိုင်းများတွင် တပ်ဆင်အသုံးပြုရမည့် ဗို့အားမြင့် ကြွေသီးများကိုလည်း အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်ပေးရန် လိုအပ်လာပါသည်။ လက်ရှိတစ်နိုင်ငံလုံး၏ ၃၃ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မီးရရှိရာမှ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၉၈ ရာခိုင်နှုန်းအထိ ရရှိနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ လိုအပ်သော ၁၁ ကေဗွီ၊ ၃၃ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းများတွင် တပ်ဆင်အသုံးပြုရမည့် ဗို့အားမြင့် ကြွေသီးများကိုလည်း နှစ်စဉ်တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်ပါသည်။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဗို့အားမြင့်လျှပ်စစ်ကြွေသီးများလိုအပ်ချက်အတွက် အဆင့်မြင့်



ကြွေသီးစက်ရုံတစ်ရုံဖြစ်သည့် အမှတ်(၃၅)အကြီးစားစက်ရုံ(ချောက်)ကို မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်မြို့၏ အနောက်တောင်ဘက် လေးမိုင်အကွာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းအနီးတွင် ၂၀၀၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ ထိုင်းနိုင်ငံ အစိုးရချေးငွေ ရယူပြီး Unicom Trade & Travel Co.,Ltd. နှင့် စာချုပ်ချုပ်ဆို၍ အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်ခဲ့ကာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် စက်ရုံဖွင့်လှစ်နိုင်ခဲ့သည်။ တစ်နှစ် ကြွေသီးမျိုးစုံ တန်ချိန်ရာ(ခုရေတစ်သိန်း)ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ထုတ်လုပ်နိုင်စွမ်းရှိပြီး အမှာစာဖြင့် ဝယ်ယူကြသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြင်ပလုပ်ငန်းများသို့ လိုသလောက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ကြွေသီးထုတ်လုပ်ရန် အဓိကကုန်ကြမ်းပစ္စည်းများမှာ သန့်စင်ပြီး ကြွေကျောက်၊ သဲ၊ မြေဖြူဖွယ်နှင့် မြေဖြူစေးတို့ဖြစ်ပါသည်။ ရေကို ဧရာဝတီမြစ်မှ သွယ်ယူရရှိပြီး လျှပ်စစ်ဓာတ်အားကို ချောက်ဓာတ်အားခွဲရုံနှင့် သဘာဝဓာတ်ငွေ့ကို ချောက်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရရှိပါသည်။ လက်ရှိထုတ်လုပ်လျက်ရှိသည့် ဓာတ်အားလိုင်းသုံး ဗို့အားမြင့်ကြွေသီးများမှာ ၁၁ ကေဗွီ၊ ၃၃ ကေဗွီ Pin Type ကြွေသီးများနှင့် ၇၀ ကေအင်န်၊ ၁၂၀ ကေအင်န် Disc Type ကြွေသီးများဖြစ်ပါသည်။ ဗို့အားနိမ့် ကြွေသီးများကိုလည်း လိုသလောက်ထုတ်လုပ်ပေးလျက်ရှိသည်။

ထုတ်လုပ်မှုနည်းစဉ်အနေဖြင့် မြေသားဆေးကြောခြင်း၊ ကြွေကျောက်ကြိတ်ခြင်း၊ သဲကြိတ်ခြင်း၊ ကြွေသားရောစပ်ခြင်း၊ ကြွေသားထုတ်ခြင်း၊ ကြွေသီးအစိမ်းထည်ပုံဖော်ခြင်း၊ ပုံဖော်ပြီး ကြွေသီးအစိမ်းထည်များကိုအခြောက်ခံခြင်း၊ အချောကိုင်ခြင်း၊ ကြွေရည်စပ်ခြင်း၊ ကြွေရည်တင်ခြင်း၊ ကြွေသားမီးဖုတ်ခြင်းနှင့် စိစစ်ရွေးချယ်ခြင်းများ ဆောင်ရွက်ရပါသည်။ သံထည်ပိုင်းအနေဖြင့်လည်း သံရည်ကျိုခြင်း၊ ကြွေသီးအူတိုင် သံချောင်းများထုတ်လုပ်ခြင်းနှင့် သံချေးမတက်ရန် သွပ်ရည်စိမ်ခြင်းများ ဆောင်ရွက်ရပါသည်။

ဗို့အားမြင့်ကြွေသီးတွင်ပါဝင်သော ကြွေရည်ကြွေသားများ၏ ကြံ့ခိုင်မှုမှာ လွန်စွာအရေးပါလှပါသည်။ မြင့်မားသော ဗို့အားလွတ်ချိန်တွင် မိုးကြိုးပစ်သည့်ဒဏ်ကိုပင် ခံနိုင်ရည်ရှိရပါမည်။ စွတ်စိုမှု၊ ခြောက်သွေ့မှုနှင့် အပူအအေးလွန်ကဲမှုအခြေအနေအမျိုးမျိုးတွင်လည်း အမြင့်ဆုံး လျှပ်ကာနိုင်စွမ်း ရှိရပါမည်။ လျှပ်စစ်နန်းကြိုးများနှင့် ချိတ်ဆက်ရာတွင် ဆွဲဆန့်အားကြောင့် ကြွေသီးများ၏ ခံနိုင်ရည်ရှိမှုနှင့် လျှပ်စစ်စီးချိန်၊ လျှပ်စစ်မဲ့ချိန်၊ အပူချိန်ရုတ်တရက်အပြောင်းအလဲတို့တွင် ခံနိုင်ရည်ရှိဖို့ကိုလည်း စဉ်ဆက်မပြတ်စစ်ဆေးရမည့်အပြင် ကြွေသီးများ၏ ဗဟိုချက်ကိုက်ညီမှု၊ အထူအပါး၊ ပြတ်ထမှု၊ ရေစိမ့်ဝင်နိုင်မှုနှင့် သံထည်များ သံချေးမတက်စေရန် သွပ်ရည်စိမ်မှုတို့တွင် အပြစ်အနာကင်းဖို့လည်း လိုအပ်ပါသည်။

ကြွေသီးများ ထုပ်ပိုးရန် သစ်သားပုံးများကို ပြင်ပမှတင်ဒါခေါ်ယူဆောင်ရွက်ကာ ဈေးကွက်အရောက် ရေလမ်း၊ ကုန်းလမ်းများမှ ကြွေသီးများပို့ဆောင်ပေးလျက်ရှိသည်။ ထို့အပြင် စက်ရုံကြီးတည်ရှိလာမှုကြောင့် နယ်မြေခံပြည်သူများ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးပွားလာပြီး လူမှုဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အား မည်မျှသုံးစွဲနိုင်သည့်အချက်ကို အဓိကထား တိုင်းတာရပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် လူတစ်ဦးလျှင် တစ်နှစ် ကီလိုဝပ်နာရီ ၁၉၀ ခန့်သာ သုံးစွဲနိုင်သေးသဖြင့် အရှေ့တောင်အာရှနိုင်ငံများ နည်းတူ ရင်ပေါင်တန်းသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀၀ ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၃၉၈ မြို့အနက်မှ မြို့ပေါင်း ၂၄၃ မြို့သာ ဓာတ်အားလိုင်းစနစ်ဖြင့် မီးလင်းပြီးဖြစ်ရာ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မြို့ပေါင်း ၃၅ မြို့ ဓာတ်အားလိုင်းစနစ်မှမီးလင်းရန်လျာထားပါသည်။ ထို့အတူ နိုင်ငံအဝန်းသို့ ဓာတ်အားလိုင်းစနစ်မှ ပို့လွှတ်ဖြန့်ဖြူးနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်း ၈၂ ခုကိုလည်း ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ စိစစ်လေ့လာလျက်ရှိပြီး မကြာမီစီမံကိန်းများတစ်ခုချင်း အကောင်အထည်ဖော်လာကြမည်ဖြစ်သဖြင့် ပေါ်ပေါက်လာမည့် ဓာတ်အားလိုင်းများတွင် တပ်ဆင်အသုံးပြုရမည့် ဗို့အားမြင့်ကြွေသီးများကိုလည်း မလွဲမသွေ တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်ပါသည်။

လက်ရှိ အမှတ်(၃၅) အကြီးစားစက်ရုံ(ချောက်)အနေဖြင့် ဗို့အားမြင့်ကြွေသီးများကို ပြည်တွင်းလိုအပ်ချက်အတွက် ထုတ်လုပ်ရုံသာမကဘဲ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာအကူအညီများ ဖိတ်ခေါ်လျက် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ ပိုမိုအရည်အသွေးမြင့်မားသော ခေတ်မီဗို့အားမြင့် ကြွေသီးများကို ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ




သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

## တပ်မတော်နေ့ဂုဏ်ပြု တာဝေးစက်ဘီးစီးပြိုင်ပွဲကျင်းပ

**မြောင်းမြ မတ် ၂၈**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြခရိုင် မြောင်းမြ-ဝါးခယ်မ တာဝေး(အလွတ်တန်း)မိုင် ၅၀ ခရီး စက်ဘီးစီးပြိုင်ပွဲကို မတ် ၂၆ ရက်က ကျင်းပသည်။

အမျိုးသားအလွတ်တန်းစက်ဘီးစီးပြိုင်ပွဲကို မြောင်းမြနှင့် ဝါးခယ်မမြို့နယ်များမှ စက်ဘီးစီးအားကစားဝါသနာရှင် ၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ကျုံမငေးမြို့မှ နံနက် ၆ နာရီတွင် စတင်တာထွက်ကာ မြောင်းမြမြို့ နောင်ရိုးအားကစားရုံရှေ့သို့ ခရီးမိုင် ၅၀ကျော်အရောက် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုကို ဝါးခယ်မမြို့မှ ပြိုင်ပွဲဝင်အမှတ် (၀၁၅)ကိုသာကျော်၊ ဒုတိယဆုကို မြောင်းမြမြို့မှ ပြိုင်ပွဲဝင်အမှတ် (၀၀၆)ကိုသန်းစိုးဝင်း၊ တတိယဆုကို မြောင်းမြမြို့မှ ပြိုင်ပွဲဝင်အမှတ် (၀၀၇) ကိုဝင်းအောင်တို့က ရရှိခဲ့သည်။ ဆုရရှိသူများအား မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ပြည်သူ့ဆောက်လုပ်ရေး မြို့နယ်အင်ဂျင်နီယာ ဦးအေးမင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အပြင် အထူးဆု ၁၀ ဦးနှင့် နှစ်သိမ့်ဆု ကိုးဦးတို့ကိုလည်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(iprd)**

## သင်္ကြန်ကာလအတွင်း စည်းကမ်းပျက်မောင်းနှင်မှု အရေးယူမည်

**မော်လမြိုင် မတ် ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် အခြားမြို့နယ်များတွင် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ကာလအတွင်း စည်းကမ်းပျက် မောင်းနှင်သောယာဉ်များနှင့် လိုင်စင်မဲ့ယာဉ်များကို အရေးယူသွားမည်ဖြစ်ကြောင်း မတ် ၂၇ ရက်မှစ၍ ကြိုတင်အသိပေးနှိုးဆော်လျက်ရှိသည်။

သင်္ကြန်ကာလအတွင်း ယာဉ်မတော်ဆမှု လျော့ပါးစေရန်အတွက် ဆိုင်ကယ်များကို အိတ်ဇောဖြုတ်၍စီးခြင်း၊ စည်းကမ်းပျက်မောင်းနှင်စီးနင်းခြင်းများမပြုရန်နှင့် ကားများကိုလည်း သတ်မှတ်ယာဉ်စည်းကမ်းများအတိုင်း မောင်းနှင်ရန် ပြည်နယ် ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုဦးစီးကော်မတီမှ ညွှန်ကြားထားပြီး အမှတ်(၉) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(မွန်)မှ တပ်ဖွဲ့ခွဲများက မော်လမြိုင်မြို့နယ် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ အခြားမြို့နယ်များတွင်လည်း လှည့်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# အခါမဟုတ်မိုးကြောင့် ရိတ်သိမ်းပြီးသီးနှံအချို့ပျက်စီး

**ငါန်းဇွန် မတ် ၂၈**

မတ် ၂၅ ရက်ညပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ တောင်သူများ၏ ရိတ်သိမ်းပြီး ပဲနှင့်ပြောင်းအချို့ ပျက်စီးမှုကြုံခဲ့ရကြောင်း သိရသည်။

ရိတ်သိမ်းပြီး တလင်းများတွင် စုပုံထားသည့် ပဲမျိုးစုံနှင့် CP ပြောင်းများ၊ ကြက်ဆူစေ့များ မိုးမိ၍ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ ပဲမျိုးစုံရိတ်သိမ်းစဉ်က လှည်းပေါ်ဖိသိပ်တင်ကြသောကြောင့် မိုးမိသည့်အခါ ပဲတောင့်များ အက်ကွဲသည့်အထဲ မိုးရေများဝင်၍ ပဲစေ့များပွခြင်း၊ ပဲစေ့အဖြူရောင်မှ အဝါရောင်၊ ပဲစေ့အနီမှ အညိုရောင်ဘက် ပြောင်းသွားခြင်းများဖြစ်ကာ ပြောင်းစေ့ခြွေပြီးသားများလည်း အဝါရောင်မှ အပြာရောင်ဘက်ပြောင်းသွားကြောင်း၊ ပြောင်းဖူးဖက်မချိုးရသေးသော ပြောင်းများမှာမူ အရောင်စက်ဖြင့် ခြွေလိုက်လျှင် ပြာနေသည့်အရောင်များပျောက်သွားပြီး ပုံမှန်ဈေးရကြောင်း၊ ပဲများမှာမူ ရောင်းချချိန်တွင် ဈေးနှိမ်ခံရတော့မည်ဖြစ်ကြောင်း ငါန်းဇွန်မြို့နယ် ရေလယ်သောင်(အရှေ့)ရွာမှ ပဲနှင့်ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ငါန်းဇွန်မြို့နယ်အတွင်း၌ ပြောင်းဖူးများအထွက်ကောင်းပြီး ဈေးကောင်းရသဖြင့် တောင်သူများ အဆင်ပြေကြောင်း၊ ပြောင်းအပြင် ကြက်ဆူ(အရိုင်း)များလည်း ဈေးကောင်းရကြောင်း သိရသည်။ "ကျွန်တော်တို့က CP ပြောင်းချိုးယူပြီးပြီ။ တချို့က မချိုးသေးဘူး။ တပေါင်းလတုန်းက သုံးတင်းဝင်အိတ်တစ်လုံးကို ၂၀၅၀၀ ကျပ်နဲ့ ရောင်းခဲ့ရတယ်။ အခုတော့ ၂၀၂၀၀ ကျပ်လောက်ပဲရတယ်။ ကြက်ဆူကတော့ သုံးတင်းဝင်အိတ်တစ်လုံးကို ၃၀၀၀၀ ကနေ ၃၀၅၀၀ ကျပ်လောက်ရောင်းရတယ်"ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။



CPပြောင်းစေ့မချမီ ပုလဲခတ်မြေဩဇာ နှစ်လုံးပက်ကြဲပြီး ထယ်ထိုး၊ ထွန်ကြောင်းဆွဲပြီးတာနဲ့အစေ့ကို ၉ လက်မခြား ဂေါက်တူးရွှင်းနဲ့ချပြီး တစ်လသားမှာ ထယ်လိုက်၊ ရက် ၂၀ ပြည့်တိုင်းရေတစ်ခါတင်၊ မြေအစိုဓာတ်ရှိလျှင် တစ်လနေမှရေတင်ပေးရသည်။ ပြောင်းဖူးအနေအထားကြည့်ပြီး ရေလိုအပ်လျှင်ရေတင်ရသည်။ ရက်၁၂၀ ပြည့်လျှင် ပြောင်းဖူးချိုး၍ရပြီဟု သိရသည်။

CPပြောင်းသည် မြေအခြေအနေအပေါ်မူတည်၍ ရက် ၂၀ သို့မဟုတ် တစ်လခန့်တွင်သာ တစ်ကြိမ်ရေတင်ပေးရန်လိုအပ်ပြီး ရက် ၁၂၀ အတွင်း ပြောင်းဖူးချိုးနိုင်သဖြင့် ငါန်းဇွန်မြို့နယ်အတွင်းရှိ တောင်သူများသည် CPပြောင်းကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးကြကာ ပြောင်းစိုက်ခင်းများထဲတွင် အပင်တန်းများခြား၍ ကြက်ဆူ(အရိုင်း)များကိုလည်း စိုက်ပျိုးကြသည်။ ယခုနှစ်တွင် ပြောင်းဖူးရောကြက်ဆူပါ အထွက်နှုန်း ကောင်းပြီး ပြောင်းတစ်ဧကလျှင် ၅၅ တင်းမှ တင်း ၈၀ ခန့်ထွက်ကြောင်း၊ ကြက်ဆူမှာ တင်း ၄၀ မှ ၄၅ တင်းခန့်အထိ ထွက်ကြောင်း သိရသည်။

**(၀၇၉)**







ပိုက်ခြောလစ်/လေဒီအား
Fully Auto
09 420035 882, 09 73199 410
09 420035 884, 09 73199 257

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
ဖုန်း 01-501812, 09-5117226

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆(ခ)အရ
**FISCA Security & Electrical Engineering Co., Ltd.**
ကို တရားရုံး၏အမိန့်အရ ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ FISCA Security & Electrical Engineering Co., Ltd. ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၁၇၄(အက်ဖ်စီ)/၁၉၉၇-၁၉၉၈ အား (၂၉. ၉. ၂၀၁၄)ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တွဲဖက်ခရိုင်တရားသူကြီး(၂)ရုံးမှ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ်(၁၅၆)၊ အမှတ်-၁၁(ဘေ/ဘီ)၊ ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့အား (၁၂. ၁၂. ၂၀၁၄)ရက်နေ့တွင် တရားရုံးမှ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ထုံးပုံကျ အပြီးသတ်အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိ နှင့် ပေးရန်ရှိသည်များကို ရရန်ရှိသည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်/တရားဝင်ကိုယ်စားလှယ်များက သတ်မှတ်ထားသော (၂၀. ၄. ၂၀၁၅) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါလိပ်စာရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်းကြေညာအပ်ပါသည်။ ယင်းရက်ထက်နောက်ကျတောင်းခံခြင်း၊ ပျက်ကွက်ခြင်းများအတွက် ကုမ္ပဏီ၏ပေးရန် စာရင်းတွင် ချန်လှပ်ခြင်း၊ နုတ်ပယ်ခြင်း ခံရနိုင်ပါသည်။

ဦးကျော်ညွန့် (တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
အမှတ်-၁၁(ဘေ/ဘီ)၊ ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နိုင်ငံတကာအားကစား

# ဂျာမနီတိုက်စစ်မှူးတွေ ဂိုးသွင်းကြဦးမယ့် ယူရို-၂၀၁၆ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ မတ် ၂၉ ရက်နဲ့ ၃၀ ရက်ညပိုင်းတွေမှာ ယူရို-၂၀၁၆ ခြေစစ်ပွဲရဲ့ အုပ်စုပွဲစဉ်တွေပဲ ဆက်လက်ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ နိုင်ငံကိုယ်စားပြုအသင်းတွေအတွက် ဥရောပလိဂ်ပြိုင်ပွဲတွေမှာ သွားရောက်ကစားနေကြတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေ ပါဝင်ကစားကြမှာမို့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ စောင့်ကြည့်အားပေးတဲ့ ပွဲစဉ်တွေဖြစ်နေပါတယ်။

**ဂျော်ဂျီယာနှင့် ဂျာမနီ**

ကမ္ဘာ့အဆင့်(၁) ဂျာမနီတို့က ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၄၇)ရှိတဲ့ ဂျော်ဂျီယာကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံဖို့ ကြိုးစားပါလိမ့်မယ်။ ဂျာမနီနဲ့ ဂျော်ဂျီယာတို့က ယူရိုခြေစစ်ပွဲသုံးကြိမ် တွေ့ဆုံခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင် ဂျာမနီတို့က သုံးပွဲစလုံးအနိုင်ရရှိထားပါတယ်။ ဂျာမနီအသင်းဟာ စပိန်၊ ဂျီဘရော်တာနဲ့ အိုင်ယာလန်တို့နဲ့ ကစားခဲ့တဲ့ နောက်ဆုံးပွဲစဉ်တွေမှာလည်း သုံးပွဲစလုံး အနိုင်ရထားပါတယ်။ ဂျာမနီအသင်းမှာ ပိုဒေါစကီး၊ မူလာနဲ့ ခရူစီတို့ တိုက်စစ်အတွဲကို ပွဲထုတ်မှာဖြစ်ပြီး ခီဒီရာ၊ အိုဇေး၊ ခရူးစ်နဲ့ မာကိုရူးစ်တို့ကလည်း ကွင်းလယ်ကနေပြီး တိုက်စစ်ကို ပံ့ပိုးမှာမို့ ဂျော်ဂျီယာတို့ ဂိုးမပြတ်ဖို့ပဲ ကြိုးစားရမှာပါ။

**မြောက်အိုင်ယာလန်နှင့် ဖင်လန်**

မြောက်အိုင်ယာလန်ရဲ့ ဝင်ဆာပတ်ခ်ကွင်းမှာ ကစားမယ့် ဒီပွဲကတော့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ ယူရိုခြေစစ်ပွဲ သုံးကြိမ်တွေ့ဆုံခဲ့မှုမှတ်တမ်းကို ကြည့်ရင် တစ်ပွဲသရေကျပြီး တစ်ပွဲစီ နိုင်ပွဲရထားကြတာမို့ အခုပွဲကတော့ အပြန်အလှန် ဖိအားပေးကစားကြပါလိမ့်မယ်။ လက်ဖာကီ၊ မာဂျင်းနစ်၊ မက်ဂေးနဲ့ ဂရစ်တို့ ပါဝင်မယ့် မြောက်အိုင်ယာလန် တိုက်စစ်မှူးတွေရဲ့ လျင်မြန်တဲ့ တွဲလုံးတွေကို နက်ကရစ်၊ ရာတာလာ၊ ဆော်ဆာနဲ့ မိုရန်တို့ ဦးဆောင်မယ့် ဖင်လန်ခံစစ်မှူးတွေ ဟန့်တားနိုင်မလားကြည့်ရမှာပါ။ ခံစစ်ပိုင်းအားနည်းတဲ့ ဖင်လန်တို့ သရေရဖို့တောင် ခက်ခဲပါလိမ့်မယ်။

**ရိုမေးနီးယားနှင့် ဖာရိုးကျွန်းစု**

ကမ္ဘာ့အဆင့်သတ်မှတ်ချက်(၉)နေရာမှာရှိတဲ့ ရိုမေးနီးယားတို့က အိမ်ကွင်း အီလီအာနာကွင်းမှာ သူတို့ရဲ့ အကောင်းဆုံးခြေစွမ်းကို ထုတ်ဖော်ပြသပါလိမ့်မယ်။ ဖာရိုးကျွန်းစုအသင်းနဲ့ဆုံတိုင်း ရိုမေးနီးယားတို့ နိုင်ပွဲတွေချည်း ရယူနိုင်ခဲ့တာမို့ အခုပွဲလည်း ရိုမေးနီးယားတို့ အနိုင်သိမ်းပိုက်ဦးမှာ ဖြစ်ပါတယ်။ ရိုမေးနီးယား တိုက်စစ်မှူးတွေဖြစ်တဲ့ အန်ဒိုနီ၊ မာဇင်း၊ ရှုဆက်ဂူနဲ့ ကီစီရူတို့ရဲ့ တိုးအား၊ ထိုးဖောက်အားကို ဖာရိုးခံစစ်မှူးတွေ ထိန်းဖို့မလွယ်ပါဘူး။

**အယ်လ်ဘေးနီးယားနှင့် အာမေးနီးယား**

ခြေစွမ်းကျဆင်းနေပြီး ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်နည်းနေပြီဖြစ်တဲ့ အာမေးနီးယားတို့က အယ်လ်ဘေးနီးယားကိုအသာစီးရဖို့ ခက်ခဲပါလိမ့်မယ်။ အယ်လ်ဘေးနီး ယားက ပေါ်တူဂီအသင်းကို အနိုင်ကစားနိုင်ပေမယ့် နောက်ပိုင်းရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတာက စိတ်ပျက်စရာဖြစ်နေပါတယ်။ အယ်လ်ဘေးနီးယား တိုက်စစ်မှူးတွေဖြစ်တဲ့ ဆာလီဂီ၊ ယာဒီကူတို့ ဂိုးတွေသွင်းယူနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။

**စကော့တလန်နှင့် ဂျီဘရော်တာ**

အုပ်စု(D)ရဲ့ စကော့တလန်တို့က အိမ်ကွင်း ဟန်တန်ပတ်ခ်မှာ ကစားရမှာမို့ စိတ်ဓာတ်ခွန်အား တက်နေပါတယ်။ ဒီနှစ်မှာ ယူရိုခြေစစ်ပွဲ စတင်ဝင်ရောက်လာတဲ့ ဂျီဘရော်တာကို စကော့တလန်တို့ အသာစီးနဲ့ ကစားမှာဖြစ်ပြီး နိုင်ပွဲဟာ သူတို့အတွက်ပဲဖြစ်တယ်ဆိုတာ ပြသမယ့်ပွဲပါ။ ။



# ပြောင်းလဲတိုးတက်လာတဲ့ ဘရာဇီးအသင်း

ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားအပြီး ပြောင်းလဲတိုးတက်လာတဲ့ ဘောလုံးအသင်းဖြစ်ပါတယ်။ ဘရာဇီးအသင်းကို စကိုလာရီလက်ထဲက နေ ဒွန်ဂါရယူခဲ့ပြီးနောက် အောင်မြင်မှုများ ဆက်တိုက်ရရှိနေပါတယ်။ ဒွန်ဂါရဲ့ လက်ထက်မှာ ဘရာဇီးအသင်းဟာ ရှုံးပွဲမရှိ ခုနှစ်ပွဲဆက်တိုက် အနိုင်ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ နောက်ဆုံးအနိုင်ရလိုက်တဲ့ပွဲကတော့ မတ် ၂၆ ရက်က ပြင်သစ်အသင်းနဲ့ကစားခဲ့တဲ့ ချစ်ကြည်ရေးပွဲပဲဖြစ်ပါတယ်။ ဒီပွဲမှာ ဘရာဇီးအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ အိမ်ရှင်ကစားခဲ့ရပေမယ့် အကြိုဗိုလ်လုပွဲမှာ ဂျာမနီအသင်းကို ခုနစ်ဂိုး-တစ်ဂိုးနှင့် ရှုံးနိမ့်ခဲ့တာကြောင့် ဘရာဇီးသားတွေရဲ့ ဘောလုံးက အကြီးအကျယ်ဂုဏ်သိက္ခာကျဆင်းခဲ့ပါတယ်လို့ပြောခဲ့တဲ့ ဘရာဇီးနည်းပြဟောင်း ဒွန်ဂါက ဒုတိယအကြိမ်အဖြစ် ဇွန်လက ပြန်လည်ကိုင်တွယ်ခဲ့ပြီးတဲ့နောက် ဘရာဇီးအသင်းဟာ ဆက်တိုက်နိုင်ပွဲတွေရရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ ဘရာဇီးအသင်းဟာ နိုင်ငံတကာပွဲ ခုနစ်ပွဲဆက်တိုက် အနိုင်ရရှိထားပါတယ်။ ဘရာဇီးအသင်းဟာ အဓိကအားဖြင့်တော့ နေမာ၊ အော်စကာစတဲ့ လူငယ်ကြယ်ပွင့်များနဲ့ စုစည်းထားတဲ့အတွက် အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေတာဖြစ်ပါတယ်။

# မော်ရင်ဟိုနဲ့အတူ ဆက်ရှိနေမယ့် ဂျွန်တယ်ရီ

ကောင်းမြတ်သူ-စုစည်းသည်။

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီကို အသင်းက လက်ရှိစာချုပ်ကို တိုးချဲ့လိုက်တဲ့အတွက် ၂၀၁၅-၂၀၁၆ ရာသီကုန်သည်အထိ ချယ်လ်ဆီးအသင်းနှင့်အတူ ကစားရမှာဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျွန်တယ်ရီနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ လက်ရှိစာချုပ်ဟာ အခုနှစ်ရာသီကုန်အထိပဲဖြစ်ပါတယ်။ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၅၅၀ ကျော် ကစားခဲ့ပြီးဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ လက်ရှိအခြေအနေမှာတော့ ပရီမီယာလိဂ်မှာ ခြောက်မှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်သို့ ၁၉၈၈ ခုနှစ်ကတည်းက ရောက်ရှိခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်၊ ပရီမီယာလိဂ်ဖလား သုံးကြိမ်အပါအဝင် ဖလား ၁၃ လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။



ကြော်ငြာ


SHARP

ဂျပန်အရည်အသွေးကောင်းပစ္စည်းများနှင့် နှစ်မြို့က်ပျော်မွေ့ပါ။




SDM COMPANY LIMITED.
Tel No.: +95-1-249585, 249588 – 89, 249591

KOTEN ပွဲတော်အတွက် ဆက်သွယ်ရန်လိပ်စာ
SHARP SERVICE CENTER.

SHARP MYANMAR:
www.facebook.com/Myanmar.Sharp
www.sharp.com.sg



# မာဃ ကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

MA GA Manufacturing Co., Ltd.

"ရန်ကုန်မြို့ကြီး" ရေစီးရေလာ ကောင်းမွန်ဖို့ မာဃ ကွန်ကရစ်ပိုက်ကို သုံးကြစို့။

၁။ ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ်ထားသောကြောင့် နိုင်ငံတကာ အရည်အသွေး ပြည့်မီခြင်း။
၂။ သာမန်ရေနုတ်မြောင်းများအဖြစ်သာမက (Circular Culvert) များအဖြစ် ပါအသုံးပြုနိုင်ခြင်း။
၃။ ကွန်ကရစ် အရည်အသွေး 30 MPa ရရှိအောင် ထုတ်လုပ်ထားခြင်းကြောင့် ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ခြင်း။
၄။ အချင်း ၃၀၀ မီလီမီတာ မှ အချင်း ၁၅၀၀ မီလီမီတာ အရွယ်အစား အထိရရှိနိုင်ခြင်း။
၅။ သယ်ယူပို့ဆောင်ရန် (Transport and Handling ) လွယ်ကူခြင်း။
၆။ နိုင်ငံတကာစံနှုန်းများနှင့် အရွယ်အစားများအတိုင်း ပြုလုပ်ထားခြင်းကြောင့် တပ်ဆင်အသုံးပြုရ လွယ်ကူခြင်း။



စွန့်ပစ်ရေဆိုးများအတွက် ရေလုံ၍ Sulphate Resistance ရှိသောကွန်ကရစ်ပိုက်များကို ထုတ်လုပ်ပေးနိုင်ပါသည်။

အမှတ်(၁၀၄)၊ ဝက်မစွတ်ဝန်ထောက်လမ်း။ လှိုင်သာယာစက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ Ph : 09 73494451, 09 5018522, 09 795723761


## အများသိစေရန်ကြေညာခြင်း

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်ကြီးအမှတ် ၁၅၆၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၆၁/ခ၊ ထူပါရုံ(၁၇)လမ်းအရှေ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်အညို)အမည်ပေါက် ဒေါ်အညို(မိခင်/ ယောက္ခမ)၊ ဦးမြကျော်(ဖခင်/ယောက္ခမ)တို့မှ သားသမီးများဖြစ်သော (၁)ဦးအောင်ဝင်း၊ (၂)ဦးကံထွန်း၊ (၃)ဦးဝင်းအောင်တို့ သားသမီး(၃)ဦးမွေးဖွားခဲ့ပြီး ၎င်းတို့အနက်မှ ဦးအောင်ဝင်း(လူပျိုကြီး)ဘဝဖြင့်လည်းကောင်း၊ ဦးကံထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအတွက် ဇနီး ဒေါ်သီတာ ၁၂/သကတ(နိုင်)၀၄၆၆၃၈ မှ ကျန်အမွေဆိုင်တစ်ဦး ဦးဝင်းအောင် ၁၂/သကတ(နိုင်)၀၉၄၆၁၇ နှင့်ပူးတွဲလျှောက်သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဂရန်မူရင်းစာအုပ်အားပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၁၀၃၅/က)၊မြေ ကွက်တည်နေရာအမှတ်(၁၀၃၅/က)၊ရာဇသင်္ကြန် ၈လမ်း၊ ဒလမြို့နယ် ဦးအနားပုလဲ (Q/RGN - ၀၁၂၅၃၈)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအနားပုလဲ ကိုယ်တိုင်ဂရန် ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက် ထားလာခြင်းအား ဌာနမှ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ရာကန့်ကွက်သူ မရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလ ထုတ်ပေးထားသည့် ဦးအနားပုလဲအမည်ပေါက် မြေငှားစာချုပ်အမှတ်၀၇၁၈/ဒလ/ဂရန်/၉၅ (၂၈-၂-၁၉၉၇)ပါဂရန်(မူရင်းစာအုပ်အားမြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဥတုရာသီ တောကိုမှီ

ကြော်ငြာ




Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

LIEBHERR

Mixing Drum Size : 3 $m^3$ to 9 $m^3$
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

SUITABLE FOR ALL TRUCK CHASSIS. (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

Price Starting From

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 $m^3$ | Euro 13,800 | Euro 20,000 |
| 5 $m^3$ | Euro 15,000 | Euro 20,900 |
| 7 $m^3$ | Euro 16,300 | Euro 21,500 |
| 9 $m^3$ | Euro 20,500 | Euro 26,300 |




Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR


စွယ်တော် စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
SWEDAW CITY
ROYAL MINGALARDON GOLF COURSE
MINGALADON TOWNSHIP
AUNG MINGALAR HIGHWAY COMPLEX
THIRIYADANAR WHOLESALE MARKET
YANGON INTERNATIONAL AIRPORT
ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကာဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။
မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ် ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။
900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms
အဆောက်အဦတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator system များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။
ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊Convenience Store၊ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်းနှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သောClubhouse တစ်ခု ပါဝင်ပါမည်။
(၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။
Lake Area
Jogging Track
The Promenade
Boardwalk
Fountain
The Canal
Starting from 1Sq-Ft MMK 75,000ks/-
Early Register Now!
ဆက်သွယ်ရန်- ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄၅)၊တာကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁-၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၊ ၅၁၆၅၃၆

# ကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)ရှိ ထုပ်ပိုးပစ္စည်း (၉)မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၄-၂၀၁၅ ရက် ၁၆း၀၀ နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်တင်ဒါပုံစံတင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း-(ရုံးချုပ်)** ဖုန်း-၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉

**အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)** - ဖုန်း-၀၁-၆၄၆၂၇၁

## သတ္တုတွင်းဝန်ကြီးဌာနသို့ လုပ်ငန်းစာချုပ်အရ ရွှေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ(၅)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့်ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ် ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများအနက် အောက်ပါကုမ္ပဏီ (၅)ခု-

(၁) အံ့ဖွယ်ကမ္ဘာကုမ္ပဏီ၊
(၂) မိုးသောက်ကြယ်သစ်ကုမ္ပဏီ၊
(၃) ခုနစ်ခုသောရာစုနှစ်ကုမ္ပဏီ၊
(၄) အောင်စစ်သွေးကုမ္ပဏီ၊
(၅) မြန်မာထာဝရတည်တံ့သောကုမ္ပဏီတို့သည်

လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းရန် ပျက်ကွက်ခဲ့ပါသည်။ ဌာနမှစုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ပြီး ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့များသို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးပေးသွင်းရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

အထက်ပါကုမ္ပဏီ (၅)ခုသည် လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ဌာနသို့လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ကုမ္ပဏီ (၅)ခု၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

အလားတူ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်း စာချုပ် ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီးလုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများမှ ပေးသွင်းရမည့်ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့်အောက်ဖော်ပြပါ ပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

**စဉ်** **ပစ္စည်းအမျိုးအစား**
၁။ ခွဲကျောက်မျိုးစုံ
၂။ တောသစ်ရှယ်စုံ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၄-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၂-၂၁၀၀၅**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် 1999 MODEL DIESEL ENGINE အမျိုးအစား PRADO (၆)စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းလွှာများကို တစ်စုံလျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် ၁-၄-၂၀၁၅ ရက်မှစ၍ ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား ၂၇-၄-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀နာရီတွင် ၂၆ လမ်း၊ (၇၁လမ်း×၇၂လမ်းကြား) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ဖွင့်ဖောက်စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

## လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁) ဝယ်ယူခွင့်ရရှိသူများအား အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁)အား ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေရေးကိုဦးတည်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မဲစနစ်ဖြင့်ရွေးချယ်ကာ ဝယ်ယူခွင့်ရရှိသူများအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၂-၂-၂၀၁၅ ရက်နှင့် ၃-၂-၂၀၁၅ ရက်၌ တာဝန်ရှိသူများက တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့် နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ယခုအခါ ၅-၃-၂၀၁၅ ရက်မှစတင်၍ အိမ်ခန်းများတွင် တက်ရောက်နေထိုင်ခွင့်ပြုလျက်ရှိပါသည်။ တိုက်ခန်းဝယ်ယူခွင့် မဲပေါက်သူများသည် အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်) ဖုန်း-၀၁-၃၇၉၀၆၁၊ ၀၁-၂၅၄၆၈၄ တို့သို့ အမြန်ဆုံးလာရောက်ဆက်သွယ်နိုင်ပါရန်နှင့် ၃၀-၄-၂၀၁၅ရက်ထိ လာရောက်ဆက်သွယ်ခြင်းမရှိပါက ဝယ်ယူရန်စိတ်ဝင်စားမှုမရှိဟုယူဆ၍ ဝယ်ယူခွင့်မှပယ်ဖျက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့်အောက်ဖော်ပြပါ ပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

**စဉ်** **ပစ္စည်းအမျိုးအစား**
၁။ ခွဲကျောက်မျိုးစုံ
၂။ တောသစ်ရှယ်စုံ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၄-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဂန့်ဂေါခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၂-၅၀၀၂၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**စဉ်** **ပစ္စည်းအမျိုးအစား**
၁။ ခွဲကျောက်မျိုးစုံ
၂။ တောသစ်ရှယ်စုံ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၄-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၅ရက် နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မကွေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၃-၂၃၀၅၃၊ ၂၅၈၈၆**

## Seminar ဖိတ်ကြားခြင်း

၂၀၁၅ မြန်မာ့နှစ်သစ်နှင့်အတူ နိုင်ငံအတွင်းရှိ ကမ္ဘာ့အကောင်းဆုံး International Hotel Chain တစ်ခုတွင် အလုပ်အကိုင်ကောင်းများ ရယူလိုသူ လူငယ်များအတွက် အထက်ပါဟိုတယ်ကြီး၏ တာဝန်ရှိသူများမှ Internship Training Program အကြောင်းအား အောက်ပါအစီအစဉ်အတိုင်း ရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး Hotel Industry ကို စိတ်ဝင်စားသူလူငယ်များအတွက် အကောင်းဆုံးအစီအစဉ်တစ်ခုဖြစ်ပါသည်။

**နေရာ** - Sule Shangrila Hotel (ယခင် Traders Hotel)
**နေ့ရက်** - ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - ညနေ ၃း၀၀ နာရီမှ ၅း၀၀ နာရီအထိ

**(မှတ်ချက်- Seminar အား မည်သူမဆိုအခမဲ့တက်ရောက်နိုင်ပါသည်။)**

## အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် ဆည်ငယ်/ကန်ငယ်တူးဖော်ခြင်းလုပ်ငန်းများအတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီများမှပေးသွင်းထားသော Performance Guarantee 5%ကို ၃၀-၃-၂၀၁၅ ရက် မပျက်မကွက် လာရောက်ထုတ်ယူရန်နှင့် အချိန်မီလာရောက်ထုတ်ယူခြင်းမရှိပါက ကုမ္ပဏီများ၏တာဝန်သာဖြစ်ကြောင်း ကြိုတင်အသိပေး အကြောင်းကြားပါသည်။

**ဆည်မြောင်းဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**စဉ်** **ပစ္စည်းအမျိုးအစား**
၁။ ခွဲကျောက်မျိုးစုံ
၂။ တောသစ်ရှယ်စုံ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၄-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၅-၂၁၃၆၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**စဉ်** **ပစ္စည်းအမျိုးအစား**
၁။ ခွဲကျောက်မျိုးစုံ
၂။ တောသစ်ရှယ်စုံ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၄-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၈-၂၁၀၂၃**

## မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသူလုပ်ငန်းရှင်များအား အဆိုပြုတင်ဒါပေးသွင်းနိုင်ရေး ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသည့်ကုမ္ပဏီသည် ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ဆောင်ရွက်လိုသည့်အချက်များအား ထည့်သွင်းအဆိုပြုရမည်ဖြစ်ပါသည်။

၃။ အဆိုပြုတင်သွင်းမည့်ကုမ္ပဏီသည် အာမခံငွေကျပ်သိန်း(၅၀)အား တင်ဒါတင်သွင်းသည့်အချိန်တွင် ကော်မတီမှသတ်မှတ်ထားသည့် နည်းလမ်းအတိုင်း တစ်ပါတည်းပေးသွင်းရမည်။ ကုမ္ပဏီသည် မိမိလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရလျှင် ပေးသွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြုရွေးချယ်ပြီးစီးသည့်နောက်ပိုင်းရက်များတွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အဆိုပြုတင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ကုမ္ပဏီများအက်ဥပဒေ (၁၁၄)အရ ငွေကြေးပိုင်ဆိုင်မှုအထောက်အထားနှင့် သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများ ထည့်သွင်းအဆိုပြုရမည်။

၅။ အဆိုပြုတင်ဒါလျှောက်လွှာများကို ၃၀-၃-၂၀၁၅ ရက်တွင် စတင်ရယူနိုင်ပြီး ၄-၅-၂၀၁၅ ရက် ညနေ ၁၅း၀၀ နာရီနောက်ဆုံးထား၍ မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီသို့ တင်သွင်းရမည်။

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၈၂-၅၀၅၀၉၊ ၀၈၂-၅၀၄၇၇ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီ**

ယနေ့ မာတိကာ

နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ၏ ၂၀၁၅ မီဒီယာဆိုင်ရာ ထူးချွန်ဆုများ ချီးမြှင့် — စာမျက်နှာ ၃

ဆော်ဒီနှင့် အီဂျစ်စစ်သင်္ဘောများ ယီမင်၌ ဖြန့်ကြက် — စာမျက်နှာ ၄

ဆေးပညာ သတင်းဆန်းများ(၉၁) ဆောင်းပါး — စာမျက်နှာ ၆

မြေနီကုန်းခုံးကျော်တံတား ယာဉ်များဖြတ်သန်းသွားလာ — စာမျက်နှာ ၁၄

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် မတ် ၃၀ ရက်တွင် မန္တလေးမြို့မှ ထွက်ခွာမည်

**မန္တလေး မတ် ၂၈**

နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် Solar Impluse -2 သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ မတ် ၃၀ ရက် နံနက် ၄ နာရီတွင် ကမ္ဘာတစ်ပတ်ခရီးစဉ်အဖြစ် ဆက်လက်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆက်လက်ပျံသန်းခြင်းမပြုမီ မတ် ၂၉ ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘာတစ်ပတ် ခရီးစဉ် ပျံသန်းနိုင်ရေးအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

လေယာဉ် ထွက်ခွာချိန်တွင် သတင်းနှင့် ဓာတ်ပုံရယူကြမည့် မီဒီယာများအနေဖြင့် မတ် ၂၉ ရက် နံနက် ၉နာရီမှ မွန်းလွဲ ၂ နာရီအတွင်း မန္တလေးအောင်မြေသာစံမြို့နယ် ပုလဲ

စာမျက်နှာ ၇ ကော်လံ ၁ ●




## အာရှ ယူ-၂၃ ခြေစစ်ပွဲ မြန်မာနှင့် ဟောင်ကောင် ယနေ့ကစားမည်

ညီမြတ်သော်တာ

**ရန်ကုန် မတ် ၂၈**

အာရှ ယူ-၂၃ ခြေစစ်ပွဲအုပ်စု ပွဲစဉ်များကို မတ် ၂၉ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဟောင်ကောင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တရုတ်(တိုင်ပေ)တွင် ကျင်းပလျက်ရှိသည့် အုပ်စု(စ) ဒုတိယပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့်ဟောင်ကောင်၊ ညနေ ၅ နာရီခွဲတွင် ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့မှာ ပွဲဦးထွက်ပွဲစဉ်များတွင် ဂိုးပြတ်နိုင်ပွဲများ ရရှိထားသည့်အသင်းများဖြစ်ပြီး ဒုတိယပွဲ၌ အနိုင်ရသောအသင်းများမှာ ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲ၌အိမ်ရှင် တရုတ်(တိုင်ပေ)အသင်းကို ခြေစွမ်းပြကာ သုံးဂိုးပြတ်အနိုင်ရထားပြီး ယခုဟောင်ကောင်နှင့်ပွဲတွင်လည်း အနိုင်ရရန် အခြေအနေကောင်းလျက်ရှိသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအကြို ခြေစမ်းပွဲများ၌

စာမျက်နှာ ၇ ကော်လံ ၅ ✻

# အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် စက်ဘီးပြိုင်

တင်မောင် (မန္တလေး)



**မန္တလေး မတ် ၂၈**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မြန်ရွှေပြည်ထရက်တာလီမိတက် (MSP CAT) တို့ပူးပေါင်း၍ Road Race အမျိုးသား၊ အမျိုးသမီးသက်တန်းအလိုက် စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ်ရှိ စုရပ်နေရာ၌ ကျင်းပသည်။ ပြိုင်ပွဲကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အချက်ပြသေနတ်ပစ်ဖောက်၍

စာမျက်နှာ ၃ ကော်လံ ၁ ❒




R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS